မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

နေမင်းသည် နေ့၌ တောက်ပ၏။ လဝန်းသည် ည၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ည၌ပတ်လုံးတန်ခိုးတော်ဖြင့် တောက်ပ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၉၃)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုများ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊

စာမျက်နှာ ၅ ကော်လံ ၁ ★

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၉ ရက်နံနက် ၈ နာရီမိနစ် ၃၀ တွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်ပြီး MRTV HD၊ MRTV Entertainment၊ MRTV NRC Channel၊

စာမျက်နှာ ၅ ကော်လံ ၁ ➲

သီတင်းကျွတ်ကာလအခါသမယတွင် နိုင်ငံအဝှမ်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ပြည်သူအများ အေးချမ်းစွာဖူးမြော်ကြည်ညိုကုသိုလ်ဒါနပြု၊ သီတင်းကျွတ်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်




နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်များအနက် မွန်မြတ်ကြည်နူးဖွယ် အကောင်းဆုံးဖြစ်သည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ❖

မန္တလေးမြို့ရှိ ကျောက်တော်ကြီးဘုရားပွဲစျေးတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

၂၇-၁၀-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂း၃၀ နာရီအချိန် တိုင်းထွာချက်အရ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"(ARNAB)လမ်းကြောင်းပြမြေပုံ



အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ အရှိန်ကြောင့် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၇

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"(ARNAB)အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) "အာနာဘ်"(ARNAB) သည်

စာမျက်နှာ ၃ ကော်လံ ၁ ➤

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမရက် အဆို၊ အတီးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ဒုတိယသမ္မတ ဦးညီစော တက်ရောက်ကြည့်ရှု အားပေး စာ – ၆ သို့

"ဝိဓူရ" ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ပို့လ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ကြည့်ရှု အားပေး စာ – ၁၅ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်

ကောင်းသောအကျိုးတိုးပွားကြပါစေ

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)မင်္ဂလာအခါသမယ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရားဖူးပြည်သူ ရဟန်းရှင်လူအပေါင်းတို့ စိတ်အေးချမ်းသာစွာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုရာတွင် ခရီးသွားလာရေးလွယ်ကူချောမွေ့စေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏စီစဉ်မှုဖြင့် တော်ဝင်ယာဉ်လိုင်း ရှစ်စီးနှင့် ရာဇာမင်း EV ယာဉ်တစ်စီးတို့ဖြင့် အောက်တိုဘာလ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်တိုင်တိုင် အသွားအပြန် အခမဲ့ပို့ဆောင်ပေးခဲ့သည်။

နေပြည်တော်မြို့တော်သည် အလွန်ကျယ်ဝန်းလှပြီး သန့်ရှင်းသပ်ရပ်လှပသည်။ လမ်းဘေးဝဲ၊ ယာများတွင် အရိပ်ရပင်များ၊ ပန်းအလှပင်များစိုက်ပျိုးရှင်သန်ဖြစ်ထွန်းနေသည့်အတွက် တွေ့မြင်ရသည်မှာကြည်နူးဖွယ်အလွန်ကောင်းသည်။ စနစ်တကျအကွက်ချ၍ တည်ထားသောမြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရုပ်နှင့် ညီညွတ်သည်။ အဆိုပါမြို့တော်တွင် ဘုရားပုထိုးစေတီများလည်းများပြားပြီး သပ္ပာယ်လှသည်။ အဆိုပါဘုရားပုထိုးစေတီများတွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူဗုဒ္ဓကျောက်ဆစ်ရုပ်ပွားတော်များအနက် ဥဏှတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးမှာလည်း အလွန်သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသည်။

အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်ရုံးပိတ်ရက်များတွင် ယခုကဲ့သို့ယာဉ်လိုင်းများဖြင့် အခမဲ့ပြေးဆွဲပေးခြင်းကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိဘုရားစေတီပုထိုးများသို့ သွားရောက်ဖူးမြော်လိုကြသည့် ဘုရားဖူးပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အလွန်ပင်စိတ်အေးချမ်းသာစွာ သွားရောက်ဖူးမြော်ခွင့်ရကြသည်။ ထို့အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများစိတ်အေးချမ်းသာစွာ သွားလာဖူးမြော်လျက်ရှိကြသည်။ သီတင်းကျွတ်အချိန်အခါအတွင်း ဈေးရောင်းပွဲတော်များ၊ ဂီတဖျော်ဖြေပွဲများတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာစည်ကားလျက်ရှိကြသည်။

မြန်မာနိုင်ငံအနှံ့အပြားရှိ ဘုရားပုထိုးစေတီကျောင်းကန်များ၌ ကောင်းမှုကုသိုလ်ပြုကြသူများ၊ ဥပုသ်သီတင်းသီလဆောက်တည်သူများ၊ ဘိုးဘွားမိဘဆရာနှင့်သက်ကြီးသူများအား ပူဇော်ကန်တော့ခြင်းဖြင့် အလွန်ပင်ကြည်နူးဖွယ်ကောင်းလှပေသည်။ လူသားတိုင်းအနေဖြင့် မိမိတို့အသက်ရှင်သန်နေစဉ်ကာလအတွင်း နေ့စဉ်ပြုမူလုပ်ဆောင်ရမည်မှာ ကုသိုလ်၊ ပညာ၊ ဥစ္စာရရှိရေးသာဖြစ်သည်။ နေ့စဉ်လူမှုဘဝတွင် ဤသုံးမျိုးအနက်တစ်ခုခုမှမရရှိလျှင်မိမိနေရသည့်ကာလမှာ အရှုံးနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။ မြတ်စွာဘုရားဟောကြားတော်မူသည့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင် ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။ အနဝဇ္ဇာနိ ကမ္မာနိ၊ ဇတံမင်္ဂလမုတ္တမံ။ ဟူ၍ဟောကြားထားပေရာ “ကုသိုလ်ပညာဥစ္စာရဖို့သင့်ရာဒေသအမြဲနေ၊ ရှေးကတင်ကြိုပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ၊ မိမိကိုယ်ကိုကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ၊ ဥစ္စာကိုပေးနေထိုင်ရေး မျှော်တွေးသုံးချက်ပေ၊ အဲဒါမှဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ” ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဗုဒ္ဓမြတ်စွာ၏တရားတော်များမှာ လူသားအားလုံး၏ တစ်သက်တာကောင်းကျိုးကိုရည်သန် ဟောဖော်ညွှန်ပြထားခြင်းဖြစ်သည်။ ကမ္ဘာ့လူသားအားလုံးနှင့်သက်ဆိုင်ပေရာ လိုက်နာပါက ကမ္ဘာကြီးတစ်ခုလုံးသာယာနေမည်ဖြစ်သည်။ ထို့ကြောင့် ဒဂုန်ဦးထွန်းမြင့်ရေးသားသော ၃၈ ဖြာမင်္ဂလာတရား(ဓမ္မတေးကဗျာ)နိဂုံးတွင် “သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားကို ပျက်ပြားနေကြကမ္ဘာမြေ၊ ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့ လူနှင့်လူချင်းသတ်ကာနေ၊ ငြိမ်းချမ်းပါစေ အာသီသနဲ့ စွမ်းနိုင်ရာကနေ ကူညီသလေ၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားရေးသားဖြန့်ကာဝေ” ဟူ၍ညွှန်ဆိုထားသည်။ ထို့ကြောင့် လူသားအားလုံး ကောင်းမှုမြတ်နိုး၍ ကောင်းသောအကျိုး တိုးပွားနိုင်ကြပါစေကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်း၌ပဒေပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ **ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

သင်္ဃ (FM) အသံလွှင့်အစီအစဉ်
၂၈-၁၀ -၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၃၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ The Health For Public
၅။ ၁၅:၃၀ Music Time
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ သတင်းစုံ

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နုင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိပွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်ရိပ်မြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

ကိုယ့်ရိုးရာ ကိုယ့်ယဉ်ကျေးမှုအမွေအနှစ်တွေကို နိုင်ငံတော်အနေနဲ့ နှစ်စဉ်ဖော်ထုတ်ပေးသရွေ့ ကျွန်မတို့အနေနဲ့လည်း ကိုယ်တတ်တဲ့ပညာလေးတွေနဲ့ ဆက်လက်ထိန်းသိမ်းသွားပါမယ် . . .

ပေါက်ကျော်မ



ပေါက်ကျော်မ



မဟာရန်ကုန် ရဲလင်းဗိုလ်




မောင်ခွဲပြည့်စုံ



မောင်မျိုးမင်းခန့်

ပေါက်ကျော်မ
(ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု)ဝါသနာရှင် (ပထမတန်း)ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

ကျွန်မအနေနဲ့ အကြိမ်များစွာ ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆုတံဆိပ်ရတာက အဆု ၄၀ ကျော်လောက် ရှိပါတယ်။ ကျွန်မအနေနဲ့က ဆုတံဆိပ် ဆိုတာထက် အခုနောက်ပိုင်းမှာ လူငယ်မျိုးဆက်သစ်တွေ များများပေါ်ထွန်းလာစေချင်တဲ့အတွက် ဒီပြိုင်ပွဲကြီးကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အခုခေတ်က အင်တာနက်ခေတ်ဆိုတော့ လူငယ်တွေအနေနဲ့ စိတ်ဝင်စားတယ်ဆိုရင် လူမှုကွန်ရက်စာမျက်နှာပေါ်ကနေလည်း ဒီပညာရပ်တွေလေ့လာလို့ရအောင် ပညာရှင်တွေက လက်ဆင့်ကမ်းပို့ချပေးနေသလို၊ အနီးကပ် လက်တွေ့လည်း သင်ကြားပို့ချပေးနေကြတာကို တွေ့ရပါတယ်။ဒီလိုတွေတွေ့ရမြင်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မအနေနဲ့လည်း တတ်မြောက်ထားတဲ့ပညာရပ် တွေကို မျှဝေပေးနေတာတွေရှိပါတယ်။ အပြင်မှာ ဗလာဆိုင်းနဲ့ အသက်မွေးဝမ်းကျောင်းလည်းပြုနေပါတယ်။ ကိုယ့်ရိုးရာ ကိုယ့်ယဉ်ကျေးမှုအမွေအနှစ်တွေကို နိုင်ငံတော်အနေနဲ့ နှစ်စဉ်ဖော်ထုတ်ပေးသရွေ့ ကျွန်မတို့အနေနဲ့လည်း ကိုယ်တတ်တဲ့ပညာလေးတွေနဲ့ ဆက်လက်ထိန်းသိမ်းသွားပါမယ်လို့ ပြောပါရစေ။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိလူကြီးများအားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။



ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြိုယိမ်းအကအဖွဲ့။



ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့။

မောင်မျိုးမင်းခန့်
(မွန်ပြည်နယ်ကိုယ်စားပြု) ဝါသနာရှင်(ပထမတန်း) ပတ္တလားအတီးပြိုင်ပွဲဝင်

ဝါသနာရှင်ပထမတန်းပြိုင်တာကတော့ ဒါကပထမဆုံးအကြိမ်ပါ။ အဆင့်မြင့်ပညာအဆင့်မှာ ပြိုင်ခဲ့တုန်းက ရွေတံဆိပ်နှစ်ခုရခဲ့ဖူးပါတယ်။ ပြိုင်ပွဲအတွက် ပြဋ္ဌာန်းသီချင်းကရှစ်ပုဒ်နဲ့ လေ့ကျင့်ခဲ့တယ်။ အောင်မင်္ဂလာ (ယိုးဒယား) သီချင်းနဲ့ယှဉ်ပြိုင်ခဲ့တယ်။ စိတ်တိုင်းတော့မကျခဲ့ဘူး။ အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ပတ္တလားအတီးပြိုင်ပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ပြိုင်ပွဲဝင်ကရှစ်ယောက်ပါ။ အခုလို မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းတဲ့ပွဲတွေ နှစ်စဉ်နှစ်တိုင်းပြုလုပ်ပေးစေချင်ပါတယ်ခင်ဗျာ။

ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြိုယိမ်းအက (တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ)

သမီးတို့အဖွဲ့ကို ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ဆရာ၊ ဆရာမတွေ၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ သမီးတို့နှစ်လလောက် လေ့ကျင့်ခဲ့ပါတယ်။ အခုလိုမျိုး ရခိုင်တိုင်းရင်းသားယိမ်းအကတွေ၊ ရခိုင်ပြည်နယ်မှာထင်ရှားတဲ့ စေတီပုထိုးအကြောင်းတွေကို အများပြည်သူသိအောင် ဝေမျှခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာရပါတယ်။ လာရောက်ဖျော်ဖြေရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူရပါတယ်။

ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအက(တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ)

ကျွန်တော်တို့အဖွဲ့ကို ကယားပြည်နယ်ထဲမှာရှိတဲ့ ကျောင်းပေါင်းစုံက ကျောင်းသား၊ကျောင်းသူတွေနဲ့ ဖွဲ့စည်းထားပြီး တစ်လကျော်လောက် လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်ထဲမှာတော့ ကျောင်းပွဲတွေမှာ ကပြဖျော်ဖြေတာရှိပါတယ်။ ဒီလိုနေပြည်တော်မှာတော့ အခုမှ ပထမဆုံးလာရောက်ဖျော်ဖြေဖူးတာဖြစ်ပါတယ်။ နေပြည်တော်ကို လာရောက်ဖျော်ဖြေရတာကြောင့် အရမ်းစိတ်လှုပ်ရှားသလို အရမ်းလည်းပျော်ပါတယ်။ ကယားပြည်နယ်က တောင်ပေါ်မြို့ဖြစ်လို့ အရမ်းအေးပေမယ့် ဒီမှာတော့ အတော်လေးပူတာကလွဲရင် အစစအရာရာအဆင်ပြေပါတယ်။ ။

စေချင်တဲ့အတွက် ဒီပြိုင်ပွဲကြီးကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အခုခေတ်က အင်တာနက်ခေတ်ဆိုတော့ လူငယ်တွေအနေနဲ့ စိတ်ဝင်စားတယ်ဆိုရင် လူမှုကွန်ရက်စာမျက်နှာပေါ်ကနေလည်း ဒီပညာရပ်တွေလေ့လာလို့ရအောင် ပညာရှင်တွေက လက်ဆင့်ကမ်းပို့ချပေးနေသလို၊ အနီးကပ် လက်တွေ့လည်း သင်ကြားပို့ချပေးနေကြတာကို တွေ့ရပါတယ်။ဒီလိုတွေတွေ့ရမြင်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မအနေနဲ့လည်း တတ်မြောက်ထားတဲ့ပညာရပ် တွေကို မျှဝေပေးနေတာတွေရှိပါတယ်။ အပြင်

မဟာရန်ကုန် ရဲလင်းဗိုလ်
(ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု)ဝါသနာရှင် (ပထမတန်း)ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

ကျွန်တော့်အနေနဲ့ ဗဟိုအဆင့်အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အကြိမ်ရေများစွာယှဉ်ပြိုင်ဖူးပါတယ်။ ပတ္တလား၊ ဆိုင်းတစ်ဦးချင်း၊ ကွက်စိပ်ပုံပိုးဆိုင်းအများကြီးပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲတိုင်းမှာလည်း ဆုတံဆိပ်တွေ အမြဲရရှိခဲ့ပါတယ်။ ကျွန်တော့် အနေနဲ့ ဆိုင်းပညာကို တပည့်တွေများစွာမွေးထုတ်ခဲ့ပါပြီ။ နာမည်ကျော် ရွှေတံဆိပ်ဆုရှင်တွေလည်း ပါပါတယ်။ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာတို့ရဲ့ ရိုးရာအစစ်အမှန်ဖြစ်တဲ့အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို ကျင်းပပေးတဲ့နိုင်ငံတော်သမ္မတကြီးကို အထူးပင်ဂါရဝပြုကျေးဇူးတင်ပါတယ်ခင်ဗျာ။ လာမယ့်နှစ်တွေမှာလည်း ဒီနှစ်လိုပဲ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ကျင်းပပေးပါလို့ဦးညွှတ်တောင်းပန်အပ်ပါတယ်။

မောင်ခွဲပြည့်စုံ
(ရခိုင်ပြည်နယ် ကိုယ်စားပြု) ကွက်စိပ်ပြိုင်ပွဲဝင်

ကျွန်တော်ငယ်ငယ်ကတည်းက နောက်ပိုင်းဇာတ်တော်ကြီးကတာတွေ အလွန်သဘောကျတဲ့အတွက် ဆိုင်ပြောကိုပိုင်နိုင်ချင်လို့ ကွက်စိပ်ကိုလေ့လာဖြစ်တာပါ။ ဘာဘဦးစိန်အောင်မင်းတို့၊ ရွှေမန်းတင်မောင်တို့ရဲ့ ဆိုင်ပြောဟန်တွေကို နားရည်လည်းဝတယ်။ ပြီးတော့ ဆရာတွေကလည်းသင်ကြားပေးတာတွေလည်းရှိပါတယ်။ အများကြီးကြိုးစားအားထုတ်ရတာပေါ့။ ငါးရှဉ်ငါးဆယ်နိပါတ်တော်ထဲကဘုရားလောင်းငုံးမင်းရဲ့ သမ္မာဒမာနဇာတ်တော်နဲ့ပြိုင်တာပါ။ ကွက်စိပ်ကိုတော့ ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်တာပါ။ အရင်နှစ်နှစ်လောက်တုန်းက အဆင့်မြင့်ပညာအဆင့် အကပြိုင်ပွဲတွေများလည်း ဝင်ရောက်ယှဉ်ပြိုင်ဖူးပါတယ်။ ဆုတော့မရရှိခဲ့ပါဘူး။ ဒီလိုပြိုင်ပွဲကြီးတွေ ကျင်းပခြင်းအားဖြင့် အနုပညာရှင်တွေများစွာမွေးထုတ်ပေးတဲ့အတွက် အများကြီးကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန် နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

➤ ရွှေဖုံးမှအဆက်

ဆက်လက်တည်ရှိနေသည်။ အဆိုပါအားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၆၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၁၀ မိုင်ခန့်နှင့် ကာကီနာဒါမြို့ ၏ အရှေ့တောင်ဘက် ရေမိုင် ၁၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်သည်။

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါအားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည်မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၆ ဒသမ ၀ ဒီဂရီနှင့်အရှေ့လောင်ဂျီကျူ ၈၄ ဒသမ ၀ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၇၉ ဟက်တိုပါစကယ်နှင့်အမြင့်ဆုံးလေတိုက်နှုန်းမှာတစ်နာရီလျှင်မိုင် ၈၀ မှ ၈၅ မိုင်နှုန်းခန့်ဖြစ်သည်။

နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်

အဆိုပါအားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၂၈ ရက် နေ့လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံအင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏အရှိန်ကြောင့် ယနေ့မွန်းလွဲမှ အောက်တိုဘာလ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်နေရာကွက်၍မိုးကြီးနိုင်သည်။

မိမိပိုင်
နိုင်ငံသားစိစစ်ရေးကတ်၊
Mobile SIM Card၊
Mobile Payment
Account၊ Bank
Account များအား
မသက်ဆိုင်သူထံသို့
အခကြေး
ငွေဖြင့် ရောင်းချခြင်း၊
ငှားရမ်းအသုံးပြုစေခြင်း
များဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်
အညီ
အရေးယူခံရနိုင်ပါသည်။

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

ဤအတွက် မြို့စောင့်တာဝန်ရှိသူ အကြပ်ဝန်တချို့ ကံဆိုးဖို့ဖန်လာလေပြီဟု ဘဘမင်းလှနော်ရထာ ဦးကျော်ရွှေးညည်းတွားမိချိန်တွင် နေခြည်ဖြာ လင်းရောင်သစ်ချိန်တိုင် ကွယ်ပျောက်ခြင်း မရှိသေးသော ညဉ့်နှောင်းကျန် ငွေစန္ဒာလခြမ်းကွေးကွေးနံဘေးက ကြယ်ဥက္ကာတစ်စင်းက အမြီးစဉ်တန်း အရောင်ဆန်းများ ဖြာထွက်ကြွေပျက်ကာ မြေသက်သွားလေရာ “အလို ဘုရား ဘုရား ကြယ်ဥက္ကာတစ်စင်း မြေသက်ပါပေါ့လား” ဦးကျော်ရွှေးတစ်ကိုယ်တည်း တုန်လှုပ်စွာဘုရားတမိသည်။

အိမ်ရှေ့စံကိုယ်တော်ကြီး စံအိမ်ရှေ့မြေကွက်လပ်တွင် မင်းဘုရား၏ ရွှေဝါရောင် မင်္ဂလာမြင်းတော်ကို ရွှေကကြို၊ ရွှေရင်တား၊ ရွှေကုန်းနီး၊ ရတနာကျောက်မျိုးစုံစီချယ်ထားသော ကကြိုးဒွါဒရာများ ဆင်မြန်းကာ အနားဌ ကတ္တီပါခြေခုံတော်ကိုချထား၏။ ခြေတော်ခံ သားနှစ်ယောက်ကလည်း ခစားနေကြသည်။

မင်္ဂလာမြင်းထိန်း ဗိုလ်မှူးရန်နိုင်က မြင်းပါးချုပ်ကို ခိုင်မြဲစွာချုပ်ကိုင်လျက် ဦးခေါင်းကိုငုံ့ကာ အသင့်ရပ်နေသည်။ စံအိမ်တော် ဧည့်ခန်းဆောင်အတွင်း၌ အိမ်ရှေ့စံမင်းတရား၏ ဦးပေါင်းတော်ကို မိဖုရားကြီး လှိုင်ထိပ်ခေါင်တင်ကမင်းဘုရားလက်တော်သို့ ဆက်သလိုက်လေသည်။ အိမ်ရှေ့စံမင်းတရားက ဦးပေါင်းတော်ကို ဦးခေါင်းတော်ထက်၌ အသေအချာပေါင်းထုပ်လိုက်ကာ မြကြေးမုံလွှာတွင် သင့်၊ မသင့်ရှုစားတော်မူလိုက်သည်။ နံဘေးမှ လှိုင်ထိပ်ခေါင်တင်မိဖုရားကြီး ထိတ်လန့်စွာဖြင့် ဘုရားတတော်မူလိုက်မိသည်။

“အလို ဘုရား ဘုရား ကြေးမုံပြင်ထက်မှာ မောင်တော့်ဦးခေါင်းတော် မမြင်လိုက်ပါလား ဘုရား ဘုရား”

မိဖုရားကြီးသည် စိတ်တွင်းက ကြီးစွာသော ပူပန်သောကဖြစ်တော်မူနေသော်လည်း ဤသို့သောအချိန်တွင် အမင်္ဂလာစကားတော် လျှောက်ကြားမြဲထုံးစံမရှိလေရာ မောင်ဘုရား ရွှေစိတ်တော်မည်သို့စေရန် ဇနီးအလိမ္မာပီပီ သံတော်ဦးတင်ရပေမည်။

“မောင်တော်ဘုရား ဒီနံနက်ညီလာခံကို ကြွမြန်းတော်မမူဘဲ နှမတော်အနားမှာ စံပေးတော်မူပါလားဘုရား”

“အို နှမတော်ကလည်း ညီလာခံသဘင်ကို နောင်တော်ကြီးဘုရားက ဥပုသ်တော် ထွက်ကပင် ယာယီစံနန်းတော်ကနေ မိန့်ကြားစီမံတော်မူနေရရှာတာ၊ မောင်တော်ဘုရားက ဇနီးမယားအနားကပ်ချင်တာနဲ့ ညီလာခံပျက်ကွက်ရင် ရုက်ဖွယ်ရာပါလေ” ဇနီးအနားကပ်ဖို့အရေး ရွှေစိတ်တော် လေးနေပေသည်။ မောင်တော်မြတ်နိုးတော်မူသော လူတစ်ယောက်ယောက် အရေးကို အကြောင်းပြု၊ ဒီညီလာခံကို မောင်တော်မကြွရအောင် ငါကြံဆောင်မှဟု ဆင်ခြင်တော်မူလျက် မိဖုရားကြီးမှာ အချိုသာဆုံးမျက်နှာတော် ချစ်စဖွယ်အမူအရာဖြင့် ပြင်ဆင်လျှောက်တင်လိုက်သည်။

“အဲ မောင်တော်ဘုရား မောင်တော် ဘုရားမြတ်နိုးတော်မူတဲ့ စစ်ထွက်ခါနီး နေတဲ့ လူပျိုသားငစဉ်နက်ကို ဒီနေ့ချီးမြှင့်မြောက်စားမယ်ဆိုဘုရား”

“အို နှမတော် ဒီနေ့ဘယ်လိုဖြစ်နေလဲ နှမတော်၊ တိုင်းပြည်အရေးထက် ကျွန်ယုံတစ်ယောက်အရေးက ဘာကြောင့် ကြီးကျယ်ရမှာလဲ နှမတော်ရဲ့”

ခက်ချေပြီ လှိုင်ထိပ်ခေါင်တင်မိဖုရားကြီးမှာ ရွှေရင်ဆို့၍ အသားအရေများ နီမြန်းလာကာ မျက်လုံးတော်အစုံမှ မျက်ရည်ပေါက်ကြီးများ ပိုးပိုးပေါက်ပေါက် ကျလာသည်။ မင်းတို့၏အလိုတော်တွင် အမင်္ဂလာစကားများကို မင်းတရားကိုယ်တော်တို့ နှုတ်ကမမြွက်ဘဲ မည်သူမျှ သံတော်ဦးတင်ရိုးထုံးစံမရှိ၊ မိဖုရားကြီး အခက်တွေ့လေပြီ။ မင်းဘုရားက နှမတော် ဘာများပြောချင်သည်ကို သိလိုလှပေသည်။

“ဟင် နှမတော် ရွှေမျက်နှာတော်ညိုးပြီး မျက်ရည်တွေကျနေပါလား၊ လျှောက်တင်ပါ မောင်တော့်ကို ပွင့်ပွင့်လင်းလင်း လျှောက်တင်ပါ နှမတော်”

“သည်းခံတော်မူပါဘုရား၊ ယနေ့အရုဏ်တက်က ရွှေမြို့တော်အနောက်တံခါးမှာ ကျီးငှက်နဲ့ ဗျိုင်းအောက်တို့ ပြိုပါတယ်မောင်တော်၊ နိမိတ်မကောင်းပါဘုရား”

“ဩ ... ဟော် ဟော် နှမတော်ရယ် ဘာများလဲလို့၊ အဲ့ဒါတွေ မောင်တော် ဘုရား အယူမသည်းပါဘူး၊ မောင်တော် ကအငယ် နောင်တော်ဘုရားကြီးတောင် ကျန်းကျန်းမာမာရှိသေးတာပဲ နှမရဲ့”



“မဟုတ်သေးဘူး ဘုရား၊ မဟုတ်သေးပါဘူး ဘုရား”

“ဘာရှိသေးလို့လဲနှမတော်ရဲ့”

“စောစောက မောင်တော်ဦးပေါင်းတော် ဆင်မြန်းတော်မူတော့ မြကြေးမုံပြင်မှာ မောင်တော့်ဦးသျှောင်တော် မမြင်ရဘဲ ကွယ်နေပါတယ် ဘုရား”

“ကဲ ဒီလိုလုပ်၊ ဒီနေ့ ညီလာခံကို နှမတော်ပါ ကြွမြန်းခဲ့၊ ခွပ်လပ်ရောက်မှ မောင်တော့်စာတော်ဖတ် စံအိမ်တော်မှာ ရံရွေတော်တွေနဲ့ စံမြန်းနေခဲ့၊ ညီလာခံပြီးတာနဲ့ မောင်တော်ကြွလာပြီး လူပျိုသားငစံနက်ကို ပေးသနားချီးမြှင့်ကြတာပေါ့”

အိမ်ရှေ့စံမင်းတရားကြီး ကိုယ်တော်တိုင် ဘာသာတရား ကိုင်းရှိုင်းတော်မူပြီး ယုံကြည်မှုအားများနေသဖြင့် လျှောက်တင်တားမြစ်မရသည့်အဆုံး မိဖုရားကြီး ကိုယ်တိုင် အရှင့်အပါးမှ တူစုံကြွမြန်းရန် သာ ဆုံးဖြတ်ရရာလေသည်။ စံနက်ကျော်တို့လည်း မင်းဘုရားနောက်တော်ပါးက ခစားလိုက်လာကြရာ မြောက်ဥယျာဉ်တစ်ဝိုက်၌ ခြေကျင်လျှောက်သူ ရဲမက်တချို့နှင့် ဥယျာဉ်ပြုပြင်သူ ကျေးကျွန်များ ယခင်နေ့များထက် များပြားနေသည်။

ဆက်လက်ဖော်ပြပါမည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

နတ်တလင်း အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး နတ်ထလင်းခရိုင် နတ်ထလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး အောက်တိုဘာလ ၂၇ ရက်တွင် ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟိန်းဇော်နှင့် တာဝန်ရှိသူများသည် ချားယားပင်ကျေးရွာရှိစင်မြင့်ရေစင်နှင့် မြေသားမိုးရေလှောင်ကန်တို့၌ သောက်သုံးရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သောက်သုံးရေများကို စနစ်တကျသုံးစွဲရန်နှင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ဌာနသို့ဆက်သွယ်၍ အကူအညီရယူနိုင်ကြောင်း ကျေးရွာတာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များလျော့နည်းလာနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ရေကိုစနစ်တကျအသုံးပြုကြရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း၊ ရေရှားပါးမှု ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းထားရှိခြင်းနှင့် ရေကို လိုအပ်သလောက်သာ သုံးစွဲရန် မှာကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သန္တာ**

ဧးဖြူခင်အလယ်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီး

အုတ်တွင်း အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အုန်းပင်ကျေးရွာအုပ်စု ဧးဖြူခင်အလယ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အား လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို အောက်တိုဘာလ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ဧးဖြူခင်အလယ်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အား လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဧးဖြူခင်အလယ် ကျေးရွာ၌ အရှည်ပေ ၉၀၀ ရှိ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကို အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခု နှစ်ဇူလိုင်လက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ဧးဖြူခင်အလယ်ကျေးရွာ၌ လျှပ်စစ်မီးရရှိသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

ခရမ်းမြို့နယ် ခမတ်ကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ခမတ်ကျေးရွာ၌ တောင်သူဒေါ်အေးမူ၏ မိုးစပါးရာသီက စိုက်ပျိုးခဲ့သော မှော်ဘီ-၃ စပါးမျိုးစုံစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်မော်က သဘာဝမြေဩဇာသုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲက ဆီထွက်သီးနှုန်း(ပဲပုပ်)တိုးချဲ့စိုက်ပျိုးကြရန် အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ဌေးက စံကွက်ရိတ်သိမ်းခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်မော်နှင့် တာဝန်ရှိသူများ၊ ခရိုင်မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းခြင်းကို ဆောင်ရွက်ရာ စပါးထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် စပါးအစို ၁၁၈ ဒသမ ၃၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။ **ခင်နှင်းဝေ(ပြန်/ဆက်)**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ

တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

ပြိုင်ပွဲဝင်များနှင့်လာရောက်အားပေးကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့်ဦးတည်ချက်များဖြင့် ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ကျင်းပပြုလုပ်နေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဒုံမင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များ၏ တေးသီချင်းများအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

★ ရှေ့ဖုံးမှအဆက်

ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းရန်နှင့် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝရဖော်ညွှန်းရန်၊ တိုင်းရင်းသားတို့၏ ရိုးရာအကအလှများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်လျက်ရှိသည့် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုဗ္ဗသီရိအားကစားခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား၊ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးနှင့် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး အလိုက်ပြိုင်ပွဲဝင်များကတေးသီချင်းများအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယှဉ်ပြိုင်မှုများအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပြိုင်ပွဲအလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များ၊ စရိုက်လက္ခဏာများမပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပျက်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်က အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှု အားပေးလျက်ရှိကြကြောင်း သတင်းရရှိသည်။

မြဝတီ

➲ (၂၇)ကြိမ်မြောက်မှ

MWD HD Channel၊ MWD Variety HD Channel၊ Readers' Channel၊ Channel 9၊ Sky Net Up to Date၊ Uni TV၊ Shwe Nadi Shwe Yi ၊ Channel 24 များနှင့် MOI Website၊ MOI Youtube ၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM ၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက်(LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

အယ်လ်နီညို၏အကျိုးသက်ရောက်မှုများ



တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက် စရာအကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမရက် အဆို၊ အတီးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ဒုတိယသမ္မတ ဦးညီစော တက်ရောက်ကြည့်ရှုအားပေး





ဒုတိယသမ္မတ ဦးညီစော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမရက် အဆို၊ အတီးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညီစောသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတသည် ပြည် ထောင်စုဝန်ကြီးများ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) မြခန်းမ၌ ကျင်းပလျက်ရှိသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက မြန်မာ့မှုမှန်သီချင်းဖြင့် တစ်ဦးချင်းသီဆိုပြိုင်ပွဲဝင်နေမှုများကို လည်းကောင်း၊ နီလာခန်းမ၌ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက ညဉ့်သုံးယံခါ (ပတ်ပျိုး)သီချင်းဖြင့် တစ်ဦးချင်းတီးခတ်ယှဉ်ပြိုင်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ အောင်မြင်စွာကျင်းပပြီးစီး



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် "မြန်မာ့မှုမှန်"ကိုတင်ဆောင်သန်းသီချင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု ရွှေဟင်္သာယိမ်းအကအဖွဲ့ယှဉ်ပြိုင်စဉ်။

လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့မှုမှန်" ကိုတင်ဆောင်သန်းသီချင်းဖြင့် လည်းကောင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ **စာမျက်နှာ ၇ သို့**

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး(ဗဟို အဆင့်)ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ် နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပသည်။

ယနေ့တွင် **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆို ပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိမြခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူ့ဆွဲနှလူကောင်း" ကိုအခံကြီးသီချင်းဖြင့်



ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် "သမ္မောဒမာနဇာတ်"ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် တစ်ဦးယှဉ်ပြိုင်စဉ်။



စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် "ရွှေနန်းအောင်ချာ"(ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။

ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်းလှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာဝန်၊ သူနာပြုများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် "သည်ဆောင်းဟေမန်"(ဘွဲ့)သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် "ကောင်းခြင်းမင်္ဂလာ"(ကာလပေါ်) သီချင်းဖြင့် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။

◗ စာမျက်နှာ ၆ မှ

တိုင်းပြည်ချစ်စိတ်ကို ပေါ်လွင်အောင် ပိုင်နိုင်လှပသော အသံနေအသံထား၊ အသံအနိမ့်အမြင့် စည်းဝါးမှန်ကန်မှု၊ ဟန်ပန်မူရာအပြည့်ဖြင့် တက်ကြွစွာသီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **တိုင်းရင်းသား ရိုးရာ/ကျေးလက်ရိုးရာအလွတ်တန်းပြိုင်ပွဲ**တွင် ကချင်ပြည်နယ်ကိုယ်စားပြု ဇိုင်ဝါးတိုင်းရင်းသား အကအဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု ကရင်ဒုံးအကအဖွဲ့၊ ချင်းပြည်နယ်ကိုယ်စားပြု ချင်းတိုင်းရင်းသားအကအဖွဲ့၊ မွန်ပြည်နယ်ကိုယ်စားပြု ရွှေဟင်္သာယိမ်းအကအဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြေယိမ်းအကအဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြုတောင်ရိုးတိုင်းရင်းသားအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မိုးဇောဗျောအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပျိုတို့ရဂုံဗွေကျေးလက်မြေ ယိမ်းအကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မြန်မာ့အလှကျေးလက်ဘဝ ယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ကျေးရွာဓလေ့ပျော်မွေ့ဖွယ်ရာကျေးလက်ယိမ်းအကအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ဖွံ့ဖြိုးဝေစည်ဧရာဝတီကျေးလက်ယိမ်းအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာဓလေ့စရိုက်များပေါ်လွင်စေမည့်အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သမ္မောဒမာန ဇာတ်" ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင်ဆို၊ ဝိုင်းပြောပညာရပ်များဖြင့် ပေါင်းစပ်၍စွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သာရကာကျေး"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှပြိုင်ပွဲဝင်က "တောင်တောင်စွယ်"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဟေမဝန်ချာ"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သာရကာကျေး"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စုံသာမြိုင်လယ်"(သီချင်းခံ)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေနှင်းအောင်ချာ"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ညဉ့်သုံးယံခါ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာ စောင်းတူရိယာ၏ သိမ်မွေ့နက်နဲသော အသံများကို စည်းနှင့်ဝါးမှန်ကန်စွာဖြင့် သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလား အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းမာတောင်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းမာတောင်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကောင်းခြင်းမင်္ဂလာ"(ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တဖုသဃယ်"(ရွှေတိဂုံသမိုင်းဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါန္ဓေဆန်းလန်းစီစီ"(ယိုးဒယားသီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပုံပမာ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဂီတာအတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပဒ္မသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ချာမြေကို" (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြပြီး ယနေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲဘာသာရပ်အလိုက် ပြိုင်ပွဲများအားလုံး ပြီးဆုံးပြီဖြစ်သည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိတ်ပြည်သူများနှင့်ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

မုန့်ချိုအိတ်ကင်ဆာ၏လက္ခဏာများနှင့် ကြိုတင်သတိပြုရမည့်အချက်များ

လူ့ခန္ဓာကိုယ်အတွင်းရှိ အရေးကြီးဆုံး အတွင်းကလီစာများတွင် မုန့်ချိုအိတ် သည် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်း သည် အစာခြေစနစ်အတွက် လိုအပ်သော အင်ဇိုင်းများနှင့် သွေးတွင်းသကြားဓာတ် ကိုထိန်းညှိပေးသည့် အင်ဆူလင်ဟော်မုန်းတို့ကို ထုတ်လုပ်ပေးသည့် အဓိက တာဝန်ကို ထမ်းဆောင်ရသည်။ သို့သော် မုန့်ချိုအိတ်တွင် ကင်ဆာဆဲလ်များ ဖြစ်ပွားလာပါက တခြားကင်ဆာများနှင့်မတူဘဲ သေဆုံးမှုနှုန်း အလွန်မြင့်မားသည်။

ဗြိတိန်နိုင်ငံမှ ထင်ရှားသောအထွေထွေ ရောဂါကုဆရာဝန် ဒေါက်တာဖိလိပ်ပါကေး က မုန့်ချိုအိတ်ကင်ဆာကို တိတ်ဆိတ် သောလူသတ်သမားဟု တင်စားခေါ်ဝေါ် သည်။ အဘယ်ကြောင့်ဆိုသော် ရောဂါ ရင့်လာပြီး ကုသရန်နောက်ကျသည့်အချိန် ရောက်မှသာ သိသာထင်ရှားသည့် လက္ခဏာများ ပြသလေ့ရှိသောကြောင့် ဖြစ်သည်။ သို့သော် ကုသခဲ့ဖူးသော လူနာ ပေါင်းများစွာ၏မှတ်တမ်းများကို သေချာ စွာ ပြန်လည်ဆန်းစစ်ကြည့်သောအခါ ခန္ဓာကိုယ်က ကြိုတင်ပြသနေသည့် သေးငယ်သော သတိပေးလက္ခဏာများ ရှိနေသည်ကို ထိတ်လန့်ဖွယ်တွေ့ရှိခဲ့ သည်။

ဒေါက်တာဖိလိပ်ပါကေးက သူ၏လက် တွေ့ကုသမှုမှတ်တမ်းများထဲမှ ထင်ရှား သော လူနာနှစ်ဦး၏အကြောင်းကို ယခု ကဲ့သို့ မျှဝေထားသည်။

အလန်သည် အသက် ၇၇ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ဆရာဝန်ကြီးနှင့် နှစ်ပေါင်းများစွာ ရင်းနှီးခဲ့သူဖြစ်သည်။ သူသည် ကျန်းမာရေးကောင်းမွန်ပြီး ဆေးခန်းသို့ အမြဲတမ်းပုံမှန်လာပြလေ့ရှိ သည်။ တစ်နေ့တွင် အလန်သည် ဆေးခန်း သို့ ရောက်လာပြီး လွန်ခဲ့သည့်လပိုင်းက တည်းက ဗိုက်ထဲတွင် တစ်မျိုးကြီးဖြစ်နေ ခြင်း၊ အစာမကြေခြင်းနှင့် အနည်းငယ် ပင်ပန်းနွမ်းနယ်ခြင်း စသည့် သာမန်ထက် မပိုသောလက္ခဏာများကို ပြောပြခဲ့ သည်။

ဆရာဝန်ကြီးက ရှာဖွေစစ်ဆေးသော် လည်း အစောပိုင်းတွင် မည်သည့်လက္ခဏာ မှ ထူခြားမှုမတွေ့ရပေ။ သို့သော် ရက် သတ္တပတ်အနည်းငယ်အကြာတွင် အလန် သည် မုန့်ချိုအိတ်ကင်ဆာ စတုတ္ထအဆင့် (နောက်ဆုံးအဆင့်) ရောက်နေပြီဖြစ် ကြောင်း ဓာတ်မှန်အဖြေထွက်လာခဲ့ပြီး မကြာမီလပိုင်းအတွင်း၌ပင် အသက် ဆုံးရှုံးသွားခဲ့ရသည်။ ဤဖြစ်ရပ်ကြောင့် မုန့်ချိုအိတ်ကင်ဆာသည် ခန္ဓာကိုယ် အတွင်း တိတ်တဆိတ်ပွားများနေပြီး လူနာကိုယ်တိုင်ပင် မသိလိုက်ဘဲ အသက် ကို ရုတ်တရက်နုတ်ယူနိုင်ခြင်းဖြစ်သည်။

တခြားလူနာတစ်ဦးဖြစ်သူ လီရွိုင်း သည် အဝလွန်သူမဟုတ်သကဲ့သို့ မိသားစု ထဲတွင်လည်း ဆီးချိုရောဂါမျိုးရိုးမရှိပေ။ သို့သော် တစ်နေ့တွင် သွေးစစ်ကြည့်ရာမှ ရုတ်တရက် ဆီးချိုရောဂါ (Type 2 Diabetes) ဖြစ်နေကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ပြင် လီရွိုင်းသည် အစားအသောက် လျှော့ခြင်းမရှိဘဲ ခန္ဓာကိုယ်အလေးချိန် သိသိသာသာကျဆင်းလာသည်။

ဆရာဝန်ကြီးသည် လီရွိုင်း၏ ဖြစ်ရိုး ဖြစ်စဉ်မဟုတ်သော ဆီးချိုရောဂါကို သံသယဝင်သဖြင့် အသေးစိတ်ထပ်မံ စစ်ဆေးခဲ့ရာ မုန့်ချိုအိတ်တွင် ကင်ဆာ အကျိတ်ရှိနေသည်ကို စောစီးစွာတွေ့ရှိ ခဲ့ရသည်။ ကံကောင်းစွာဖြင့် လီရွိုင်းသည် ရောဂါအစောပိုင်းအဆင့်တွင် သိရှိခဲ့ရ သဖြင့် အကျိတ်ကို ခွဲစိတ်ဖယ်ရှားနိုင်ခဲ့ပြီး နောက်ထပ်နှစ်ပေါင်းများစွာ အသက်ရှည် ကျန်းမာစွာနေထိုင်သွားနိုင်ခဲ့သည်။

ခန္ဓာကိုယ်မှ ပြသတတ်သော အဓိကသတိပေးလက္ခဏာ(၆)ချက်

ဆရာဝန်ကြီး၏ လေ့လာချက်အရ မုန့်ချိုအိတ်ကင်ဆာ ဝေဒနာရှင်များသည် အောက်ပါလက္ခဏာများကို အဓိကသတိ ပြုရမည်ဖြစ်သည်။

ဗိုက်အပေါ်ပိုင်းအောင့်ခြင်း - ရင်ညွန့် အောက်နှင့်ဝမ်းဗိုက်အပေါ်ပိုင်းတွင် တစ်မျိုး စိမ့်နှင့် မအီမသာအောင့်ခြင်း။

နောက်ကျောဘက်သို့ ထိုးဖောက် ခြင်း - ဗိုက်အောင့်ရုံမျှမကဘဲ နောက် ကျောဘက်အထိ ထိုးဖောက်လာတတ် ပြီး လဲအိပ်လျှင်ပိုဆိုး၍ ရှေ့သို့ကိုင်းထိုင် ပါမှ သက်သာတတ်သည်။

အစာစားပြီးနောက် ပိုမိုဆိုးရွားလာ ခြင်း-အစာစားပြီးတိုင်း ဗိုက်ထဲတွင် ပို၍ အောင့်လာပြီး ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း။

ဖျားခြင်း-အကြောင်းရင်း ရှာမရဘဲ မကြာခဏ ကိုယ်ပူဖျားခြင်း။

သွေးခုန်နှုန်းမြန်ခြင်း - ငြိမ်ငြိမ်ထိုင်နေ သည့်အချိန်တွင်ပင် နှလုံးခုန်နှုန်းမြန်နေ ခြင်း။

● မိမိတွင် ခါးနောက်ကျောဘက်သို့ ထိုးဖောက်အောင့်ခြင်း၊ အစာစားပြီး ဗိုက်အောင့်ခြင်း၊ အကြောင်းမဲ့ဝိတ်ကျခြင်း သို့မဟုတ် အသက်ကြီးမှ ဆီးချိုရုတ်တရက်ဖြစ်လာခြင်း စသည့်လက္ခဏာများ တွေ့ကြုံရပါက သာမန်အစာအိမ်နာခြင်းဟုတွေးကာ အချိန်မဆွဲဘဲ နားလည်တတ်ကျွမ်းသည့် အထူးကုဆရာဝန်ကြီးများနှင့် ချက်ချင်းပြသကာ ဝမ်းဗိုက်ပိုင်းအား အာထရာဆောင်း သို့မဟုတ် စီတီစကင်ရိုက်ကူး၍ သေချာစွာစစ်ဆေးမှုခံယူသင့်.. .

ပျို့အန်ခြင်း - အစားအစာမြင်ရုံဖြင့် ပျို့အန်ခြင်းနှင့် အစာစားပြီးနောက် အော့အန်ခြင်း။

တခြားအရေးကြီးသော ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ အသားဝါ၊ မျက်လုံးဝါ ခြင်း - ကင်ဆာအကျိတ်သည် သည်းခြေပြွန်ကို ပိတ်ဆို့ခြင်းကြောင့်ဖြစ်သည်။

ဆီးအရောင်ရင့်လာခြင်း- ဆီးအရောင် သည် ကော်ဖီရောင် သို့မဟုတ် လက်ဖက် ရည်ကြမ်းအရောင်ကဲ့သို့ အလွန်ရင့်ပြီး မည်းလာတတ်သည်။

ဆီးချိုရောဂါနှင့်မုန့်ချိုအိတ်ကင်ဆာ တို့၏ ဆက်စပ်မှု

ဆရာဝန်ကြီး ဒေါက်တာ ဖိလိပ်ပါကေး က အသက် ၅၀ ကျော်မှ ရုတ်တရက် ဆီးချိုရောဂါ (Type 2 Diabetes) စတင် ဖြစ်ပွားလာသူများသည် မုန့်ချိုအိတ်ကို မဖြစ်မနေစစ်ဆေးသင့်ကြောင်း အထူး သတိပေးထားသည်။

မုန့်ချိုအိတ်ထဲတွင် ကင်ဆာဆဲလ်များ ပွားများလာသောအခါ ခန္ဓာကိုယ်၏ သွေးတွင်းသကြားဓာတ် ထိန်းညှိစနစ်ကို ပျက်ပြားစေပြီး အင်ဆူလင်ထုတ်လုပ်မှု ကို ဖျက်ဆီးပစ်သဖြင့် သွေးတွင်းသကြား ဓာတ်များ ရုတ်တရက် မြင့်တက်သွားခြင်း ဖြစ်သည်။ သုတေသနပြုချက်များအရ အသက်ကြီးမှ ဆီးချိုရောဂါ စတင်ဖြစ်ပွား သူများအနက် တချို့တွင် သုံးနှစ်အတွင်း မုန့်ချိုအိတ်ကင်ဆာရှိနေကြောင်း စစ် ဆေးတွေ့ရှိတတ်သည်။

ကောက်ချက်နှင့် အကြံပြုချက်

လူနာလီရွိုင်း၏ ဖြစ်ရပ်ကဲ့သို့ မုန့်ချို အိတ်ကင်ဆာကို အစောပိုင်းအဆင့်တွင် စောစီးစွာသိရှိခဲ့ပါက အသက်ရှင်သန် ခွင့်ရှိသည်။ သို့သော် လူနာအများစုသည် အလန်ကဲ့သို့ သာမန်လက္ခဏာလေးများ ကို ပေါ့ဆမိရာမှ နောက်ကျသွားတတ် ကြသည်။

ထို့ကြောင့် မိမိတွင် ခါးနောက်ကျော ဘက်သို့ ထိုးဖောက်အောင့်ခြင်း၊ အစာစားပြီး ဗိုက်အောင့်ခြင်း၊ အကြောင်းမဲ့ဝိတ်ကျ ခြင်း သို့မဟုတ် အသက်ကြီးမှ ဆီးချို ရုတ်တရက်ဖြစ်လာခြင်း စသည့်လက္ခဏာ များ တွေ့ကြုံရပါက သာမန်အစာအိမ်နာ ခြင်း သို့မဟုတ် ခါးနာခြင်းဟု တွေးကာ အချိန်မဆွဲဘဲ နားလည်တတ်ကျွမ်းသည့် အထူးကုဆရာဝန်ကြီးများနှင့် ချက်ချင်း ပြသကာ ဝမ်းဗိုက်ပိုင်းအား အာထရာ ဆောင်း သို့မဟုတ် စီတီစကင်ရိုက်ကူး၍ သေချာစွာစစ်ဆေးမှု ခံယူသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဒေါက်တာ အောင်ညွှန့်ပိုင်

တိုက်ကြီးမြို့နယ်၌ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး ရေနိမ့်တံတား တည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေး လက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး တိုင်းဒေသကြီး ခွင့်ပြုငွေဖြင့် ကင်းမတီးအလယ်ရွာနှင့် ကင်းမတီးရွာသစ်လမ်းအား ဆက်သွယ်ထားသော ရေနိမ့်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာလ ၂၇ ရက် တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးမြို့နယ် ကင်းမတီးအလယ်ရွာနှင့် ကင်းမတီး ရွာသစ်လမ်းရှိ ချောင်းကူးတံတားအား ပေ ၆၀ ရေနိမ့်တံတားအဖြစ် တင်ဒါအောင်မြင် သည့် ရတနာပြည့်စုံကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပေ ၆၀ ရေနိမ့်တံတား တည်ဆောက်ခြင်းလုပ်ငန်း၏ A1 Mini Bore Pile တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက် နေမှုကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဗိုလ်မင်းနှင့် လုပ်ငန်းခွင်အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ တိုက်ကြီးမြို့နယ် တာဝန်ခံတို့က ကွင်းဆင်း စစ်ဆေးကြသည်။

အဆိုပါတံတားပြီးစီးပါက ကင်းမတီးအလယ်ရွာနှင့် ကင်မတီးရွာသစ်တို့ရှိ ကျောင်းသား၊ ကျောင်းသူများ သွားလာမှုအဆင်ပြေချောမွေ့ကာ ယင်းဒေသရှိ ကုန်စည်စီးဆင်းမှုလည်း လွယ်ကူမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

မြန်မာ့ကျေးလက်ဒေသ သားဖွားဆရာမများအတွက် စံသတ်မှတ်ထားသော ကျွမ်းကျင်မှုဆိုင်ရာသင်တန်းဆင်းပွဲကျင်းပ

မူဆယ် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ မြန်မာ့ကျေးလက်ဒေသ သားဖွားဆရာမများအတွက် စံသတ်မှတ်ထားသော ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဆင်းပွဲကို အောက်တိုဘာလ ၂၆ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းကို မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအနေဖြင့် မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ယူနန်ပြည်နယ် အမျိုးသမီးနှင့် ကလေးသူငယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲတွင် မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းစံစံထွေးနှင့် ယူနန်ပြည်နယ် အမျိုးသမီးနှင့် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံကိန်းလှုပ်ရှားမှုဌာန ဒုတိယညွှန်ကြားရေးမှူး Zheng Yayun တို့က သင်တန်းဆင်းအမှာစကားများပြောကြားကြသည်။

ယင်းသင်တန်းကို အမျိုးသမီးများ ဘဝလုံခြုံမှုနှင့်ဘဝဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဦးတည်ဆောင်ရွက်သည့်အနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးမွေးဖွားပြီး မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးလိုအပ်ချက်များကို ကူညီဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သင်ကြားပေးခြင်းဖြစ်ပြီး မူဆယ်ခရိုင်အတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီးသည့်အမျိုးသမီး ၃၆ ဦးကို တရုတ်နိုင်ငံမှ သင်တန်းနည်းပြငါးဦးဖြင့် ခြောက်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။



ရန်ကင်း

မြိတ်မြို့ လေးကျွန်းဆိပ်မီးစေတီတော်အား ဆီမီး၊ ပန်းနှင့် ရေချမ်းသုံးထောင်တို့အား ကပ်လှူပူဇော်

မြိတ် အောက်တိုဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်း ဆိပ်မီးစေတီတော်၌ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)အဖြစ် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူး၍ ည ၆ နာရီတွင် ဆီမီးသုံးထောင်၊ ပန်းသုံးထောင်၊ ရေချမ်းသုံးထောင်တို့အား ကပ်လှူပူဇော်ကြသည်။

ပန်း၊ ရေချမ်း၊ ဆီမီးများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ ဘုရားဖူးလာပြည်သူများနှင့်အတူ စေတီတော်အား ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြပြီး စေတီပတ်လည်တွင် ဆီမီးများအား တစ်ပြိုင်တည်း ထွန်းညှိပူဇော်ကြကာ ဘုရားရင်ပြင်၌ မီးရှူး၊ မီးပန်းနှင့် မီးပုံးများ လွှတ်တင်ကြသည်။

မြိတ်မြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် စေတီများ၊ ဘုရား၊ ကျောင်းကန်များတွင် အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်းဖြင့် စည်ကားခဲ့ကာ ညချမ်းအချိန် ဆီမီးများ ထွန်းညှိပူဇော် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။ ထို့အတူ နေအိမ်များ၊ လမ်းများ



တွင် ဆီမီးများထွန်းခြင်း ရောင်စုံမီးအလှဆင်ခြင်းဖြင့် သီတင်းကျွတ်ပွဲတော်ကို နွဲ့ပျော်ကြပြီး ကမ်းနားလမ်းတွင် မီးရှူး၊ မီးပန်းများ၊ မီးပုံးများလွှတ်ခြင်းနှင့် ရောင်စုံမီးအလှများ၊ စျေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များတွင်လည်း ပြည်သူများက တပျော်တပါး နွဲ့ပျော်ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်ကာကွယ်ရေးနှင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး အသိပညာပေးဟောပြော



နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေအရင်းအမြစ် လျော့နည်းမှုနှင့် သောက်သုံးရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို အောက်တိုဘာလ ၂၆ ရက်တွင် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာအုပ်စုနှင့် တဲကြီးကုန်းကျေးရွာအုပ်စုတို့၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာများ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက ရေရှားမှု ဖြစ်ပေါ်လာနိုင်သည့် အတွက်သောက်သုံးရေကိုကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် ဆွေးနွေးပြောကြားကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

နိုင်ငံဂုဏ်ရည်ကောင်းအောင်ကြိုးစားမည်

❖ နိုင်ငံသူ နိုင်ငံသား
ခွန်အားနှင့် ဗလငါးတန်။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတို့
ဖွံ့ဖြိုးဖို့ကြံ။
နိုင်ငံအကျိုး ဆောင်ရွက်ရန်
စိတ်ရည်သန် ပြည်ထောင်နန်း။
ပေါင်းစုညီ အတူလက်တွဲလို့
ခိုင်မြဲအောင်လှမ်း။

❖ မြန်မာပြည် ဘေးမသန်းစေဖို့
လက်ကမ်းလို့ အေးချမ်းအောင်။
တာဝန်ကိုယ်စီ အဘက်ဘက်
ရှေ့ဆက်ထမ်းဆောင်။
နိုင်ငံချစ်စိတ် ထွန်းတောက်ပြောင်
အလင်းရောင် အမှောင်ခွင်း။
ဤမြေနေ ဤရေသောက်လို့
စောင့်ရှောက်ရိုင်းပင်း။

❖ နိုင်ငံဂုဏ်ရည် ကောင်းသတင်းတွေနှင့်
လူမျိုးအချင်းချင်း ချစ်ကြပါ။
အမုန်းဖယ် မေတ္တာပျိုးလို့
ကောင်းကျိုးတွေရှာ။
ဘာသာရေး မခွဲစေရာ
ပြည်မြန်မာ တိုင်းရင်းသား။
သမိုင်းကောင်းအောင် တန်ဖိုးရှိလို့
မြတ်ဘိစိတ်ထား။ ။

ဂန္ဓဝင်ချစ်သူ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂။ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၀၁

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၀၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဝဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပဲခူးမြို့၌ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးမျှော်ပူဇော်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



ပဲခူး အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍တတိယအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးမျှော်ပူဇော်ပွဲတော်အား ယမန်နေ့ညပိုင်းက ပဲခူးမြို့ ဓိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် ပဲခူးမြစ်၌ ကျင်းပသည်။

ရေးဦးစွာတတိယအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ် မီးမျှော်ပူဇော်ပွဲတော်အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိဦး၊ လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် မြို့မိ၊ မြို့ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက မြတ်ဗုဒ္ဓထံရည်မှန်း၍ မီးကြာခွက် ၂၀၀၀ အား စုပေါင်း မီးမျှော်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ဥဿာတိုင်းသား

လွိုင်ကော်မြို့တွင် ပြည်နယ်လုံးဆိုင်ရာ သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



လွိုင်ကော် အောက်တိုဘာ ၂၇

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပြည်နယ်လုံးဆိုင်ရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ယမန်နေ့ ညနေပိုင်းက လွိုင်ကော်မြို့ ကျက်သရေဆောင် မြို့နာမ်ရွှေစေတီတော်ကြီးနှင့်ကန္ဒာဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်တို၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မီးထွန်းပွဲတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်နှင့် ဧည့်ပရိသတ်များက စေတီတော်ဂန္ဓကုဋိတိုက်အတွင်းရှိဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့်အထက်ပစ္စယံရှိဗုဒ္ဓရုပ်ပွားတော်မြတ်များထံ ဆီမီးများကပ်လှူပူဇော်ကာ ဧည့်ပရိသတ်များက သတ်မှတ်နေရာအသီးသီး၌ ဆီမီးများတစ်ပြိုင်တည်း ကပ်လှူပူဇော်ကြသည်။

ထို့ပြင် ကုသိုလ်ပြုစုတုဒိသာကျေးမွေးနေမှုကို လှည့်လည်ကြည့်ရှုသဒ္ဓါပွားများ၍ ပြည်သူများနှင့်အတူ မီးပုံးပျံများလွှတ်တင်ပူဇော်ပြီး အတီးအမှုတ်အဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ သီတင်းကျွတ်လပြည့်နေ့ စိန်နားပန်မီးပုံးပျံပြိုင်ပွဲကို ကန္ဒာဟေဝန်ပန်းခြံကျောက်သားရင်ပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက တစ်ခဲနက်တက်ရောက်ကြည့်ရှုအားပေးကြပြီး စိန်နားပန်မီးပုံးပျံပြိုင်ပွဲတွင် ပထမဆုရ သစ္စာမီး၊ ဒုတိယဆုရတိမ်လိပ်မီးနှင့် တတိယဆုရ ဓနုမီး၊ အထူးဆုရရှိသူများ၊ ရွှေဇီးကွက် ညမီးကြိုးနှင့်ကယားလေးညမီးကြိုးအဖွဲ့တို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဘားအံမြို့ရှိ သေဒ္ဓမာရ်အောင်ဘုရားကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်



ဘားအံ အောက်တိုဘာ ၂၇

ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ယမန်နေ့သီတင်းကျွတ်လပြည့်ညတွင် ဘားအံမြို့ရှိ သေဒ္ဓမာရ်အောင်ဘုရားကြီးရင်ပြင်တော်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ကျင်းပရာ ဆီမီးထွန်းညှိပူဇော်ကြသူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့်အထူးစည်ကားများပြားခဲ့သည်။

ဆီမီးထွန်းညှိပူဇော်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရဟန်းရှင်လူ ဘုရားဖူးခရီးသွားဧည့်သည်များနှင့်အတူ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲစာသားပုံဖော်ထားသော ဆီမီးခွက် ၉၀၀၀ ကို ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚C	/	၃၄˚C
ရန်ကုန်	၂၄˚C	/	၃၆˚C
မန္တလေး	၂၂˚C	/	၃၂˚C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မကွေးမြသလွန်စေတီတော်၌ ဆီမီးထွန်းညှိကပ်လှူပူဇော်



မကွေး အောက်တိုဘာ ၂၇

မကွေးမြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များနည်းတူကျင်းပပြီး သံဃာတော်များပင့်ဖိတ်၍ ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသံမစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်းနှင့် အညာမြေမီးပုံးပျံ လွှတ်တင်ပူဇော်ခြင်းကို ယမန်နေ့ကကျင်းပခဲ့သည်။

ဆီမီးထွန်းညှိကပ်လှူပူဇော်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြသလွန်စေတီတော် ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်၍ မြသလွန်စေတီတော်ရင်ပြင်တော်ရှိ မဟာဝိဇယရံသီတန်ဆောင်းတော်တွင် ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပြီး ရင်ပြင်တော်တွင် ဆီမီးထွန်းညှိပူဇော်ကာ ဘုရားဖူးလာပြည်သူများနှင့်အတူ မြသလွန်စေတီတော် မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ မီးပုံးပျံလွှတ်တင်ပူဇော်ကွင်း၌ သီတင်းကျွတ်ပွဲတော်ကာလအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ စိန်နားပန်၊ ညမီးကြိုးမီးပုံးပျံ ၁၄ လုံးနှင့် မီးပုံးပျံငယ် ၃၀၀၀ တို့ကို လွှတ်တင်ပူဇော်ကြသည်။

မကွေးမြို့တွင်ရှေးဟောင်းသမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကိုအောက်တိုဘာလ ၂၁ ရက်မှနိုဝင်ဘာလ ၁၅ ရက်အထိ ၂၆ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ရာ ဘုရားပွဲတော်ကာလအတွင်း မြသလွန်စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများဖြင့် နေ့စဉ်အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ချင်းပြည်နယ် ဖလမ်းမြို့တွင် သီတင်းကျွတ်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပ



ဖလမ်း အောက်တိုဘာ ၂၇

ချင်းပြည်နယ် ဖလမ်းမြို့တွင် ယမန်နေ့ ည ၆ နာရီမှစတင်၍ မြို့ပေါ်ရှိစေတီများ၊ အထင်ကရနေရာများ၌ ဆီမီးပူဇော်ပွဲကျင်းပကြရာ လွတ်လပ်ရေးဆုတောင်းပြည့်စေတီနှင့် ရန်ပြေမာန်ပြေနိုင်ငံအေးအောင်တော်မူ ဓာတ်ပေါင်းစုဆုတောင်းပြည့် စေတီတော်တွင် ကျင်းပသည့် ဆီမီး ၁၀၀၀ ပူဇော်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသောင်းနိုဝဏ်ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျင်မွာလ်ရပ်ကွက် လွတ်လပ်ရေးဆုတောင်းပြည့်စေတီ၌ ကျင်းပသည့် ဆီမီး ၁၀၀၀ ပူဇော်ပွဲသို့ ပါဝင်ဆင်နွှဲခဲ့သည်။

ဆက်လက်၍ ဗန်ကာအိုတောင်လမ်းရှိ ရန်ပြေမာန်ပြေ နိုင်ငံအေးအောင်တော်မူ ဓာတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်တွင် ကျင်းပသည့် ဆီမီး ၁၀၀၀ ပူဇော်ပွဲသို့ ပါဝင်ဆင်နွှဲကာ ဆီမီး ၁၀၀၀ ပူဇော်ခြင်း၊ မီးပုံးပျံငယ်များ လွှတ်တင်ခြင်း၊ စတုဒိသာကျေးမွေးခြင်းများကို ပြည်သူများနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ဖလမ်းမြို့ကို တပ်မတော်မှ ၂၀၂၆ ခုနှစ် ဧပြီလတွင် အကြမ်းဖက်သောင်းကျန်းသူများလက်မှအလုံးစုံပြန် လည် ထိန်းချုပ်ပြီးနောက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ဒုတိယဝန်ကြီးများဦးဆောင်ကာ ဖလမ်းမြို့ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါပြည်သူများ၏ စိတ်လုံခြုံမှုရရှိစေရန်နှင့် စိတ်အပန်းပြေစေရန် ဘာသာရေးနှင့်ရိုးရာပွဲတော်များကို စည်ကားသိုက်မြိုက်စွာကျင်းပနေပြီဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ






















မြန်မာ့ယဉ်ကျေးမှု အနုသုခုမ ဝိဓူရဇာတ်တော်

ဘုန်းမောင်ဝင်း(ဖျာပုံ)

ဇာတ်ပွဲတစ်ပွဲကိုကြည့်ကြသည့်အခါ ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်ခဲ့မည် ဟူသောစကားကို သတိရမိသည်။ မြန်မာဇာတ်သဘင်သည် နှစ်ပေါင်းများစွာကတည်းက အခြေတည်လာခဲ့ပြီး ယနေ့တိုင် ခိုင်မြဲနေသည့်ပညာရပ်ဖြစ်သည်။ ဇာတ်ဟူသည်ကို မြန်မာအဘိဓာန်တွင် "၁၊ ဘုရားလောင်းစသည်၏ ရှေးဘဝအဖြစ်အပျက်။ "ဝေဿန္တရာဇာတ်"။ ၂၊ ဇာတ်လမ်းဇာတ်ကွက်များဖြင့် ကပြသောပွဲ။ ၃၊ ဇာတ်ကပြသောအဖွဲ့။"ဟူ၍ ဖော်ပြထားသည်။ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဝိဓူရဇာတ်တော်ကြီး ကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဇာတ်ကြီးဆယ်ဘွဲ့မှာ တေမိဇာတ်၊ ဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နေမိဇာတ်၊ မဟော်သဓဇာတ်၊ ဘူရိဒတ်ဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓူရဇာတ်၊ ဝေဿန္တရာဇာတ်ဟူ၍ဖြစ်သည်။ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ ဟူ၍အတိုမှတ်နိုင်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဦးဆောင်ကျင်းပပေးလျက်ရှိပြီး ဂီတလောက၊ သဘင်လောက အတွက် အားကိုးရသည့်ပညာရှင်များပေါ်ထွန်းလာရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ့သဘင်တစ်ခေတ်ဆန်းစေဖို့အတွက် နှစ်အလိုက် ဇာတ်တော်ကြီးဆယ် ဘွဲ့မှ ဇာတ် တော် တစ် ခုကို ပြိုင်ပွဲတွင်ထည့်သွင်းလျက်ရှိရာ ယခုနှစ် ၂၀၂၆ ခုနှစ်(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် သတ်မှတ်ပြဋ္ဌာန်းသည့် ဇာတ်တော်ကြီးမှာ **ဝိဓူရဇာတ်တော်ကြီး** ဖြစ်သည်။ ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ သုံးနာရီဖြစ်ပြီး ပြိုင်ပွဲအင်အားမှာ တစ်ဖွဲ့လျှင် ဆို၊ ဒို၊ ပြောနှင့် အခြားပညာရှင် ၃၀ ဦး၊ ဆိုင်းအဖွဲ့ဝင်ခုနစ်ဦး စုစုပေါင်း ၃၇ ဦးဖြစ်သည်။ ပြိုင်ပွဲတစ်ခုလုံးတွင် လူအင်အားအများဆုံးယှဉ်ပြိုင်ရသည့် အဖွဲ့အစည်းလည်းဖြစ်သည်။

ပြိုင်ပွဲတစ်ခုယှဉ်ပြိုင်ရာတွင် အားလုံးက မိမိတို့ကျရာကဏ္ဍကို အပြစ်အနာအဆာကင်းအောင်လုပ်ဆောင်နိုင်မှ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ဇာတ်ကသူများ မည်သို့ပင်ကောင်းစေကာမူ အဆိုပါဇာတ်ကိုပံ့ပိုးပေးရသည့် ဆိုင်းဝိုင်း(ဇာတ်ပို့ဆိုင်း)က ညံ့နေလျှင်လည်း အောင်မြင်မှုရနိုင်မည်မဟုတ်ပေ။ တစ်စိတ်တည်းထား၊ တစ်ဝမ်းတည်း အလားသို့ အားလုံးက တက်ညီလက်ညီကြိုးပမ်းစွမ်းဆောင်နိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲ၏အမည်မှာ ဝါသနာရှင် (ပထမတန်း)ဟု ဆိုထားသော်လည်း အမှန်တကယ်ပြိုင်ပွဲဝင်ရမည့်သူများမှာ ဝါသနာရှင်ထက်ကျော်လွန်ကာ ဇာတ်စာ၊ ဇာတ်စကား၊ လေယူလေသိမ်းမှအစ ဝမ်းစာပြည့်ဝနေကြရမည် ဖြစ်သည်။ ဇာတ်တော်ကြီး၏နေရာ အခန်းကဏ္ဍအလိုက် သရုပ်ဆောင်ကြပေရာ မိမိကျသည့်ဇာတ်ရုပ်ကို ဝီပြင်အောင်၊ ပရိသတ်ကြိုက်အောင်၊ အထူးသဖြင့် ဒိုင်အဖွဲ့များက အမှတ်ပေးချင်အောင် စွမ်းရည်ပြည့်ဝနေကြရမည်ဖြစ်သည်။ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသည့်အတိုင်း ပြိုင်ပွဲသို့ မဝင်ရောက်မီကတည်းက လေ့ကျင့်သားပြည့်ဝနေကြရမည်ဖြစ်သည်။

မြန်မာ့အနုပညာသည်မြန်မာနိုင်ငံသားအားလုံး၏စိတ်ဓာတ်နှင့်သက်ဆိုင်သောပညာဖြစ်သည်။ ထိုရောက်စွာအသုံးချနိုင်လျှင် ထိုပညာရပ်သည် နိုင်ငံနှင့်လူမျိုးကိုကောင်းကျိုးပြုပေမည်။ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရခြင်းအားဖြင့် ကိုယ်ကျင့်သိလဖြောင့်မတ်စင်ကြယ်သော ပညာရှိသည် အုပ်ချုပ်သူအစိုးရနှင့် နိုင်ငံကိုကောင်းကျိုးပြုသည်။ မင်္ဂလသုတ်တွင် ဟောကြားထားသည့်အတိုင်း လူမိုက်ကိုရှောင်ကြဉ်၊ ပညာရှိကို ဆည်းကပ်၊ ရတနာသုံးပါးနှင့် မိဘဆရာကိုပူဇော်ခြင်းဖြင့် လူသားတို့ဘဝတွင် ကောင်းကျိုးချမ်းသာကိုရရှိမည်သာဖြစ်သည်။ ထို့အတူ "မကောင်းမှုတွေဟူသမျှကို မတွေ့ခင်ကရှောင်ကြဉ်လေ၊ တွေ့ကြုံလာလျှင်မလွန်ကျူးနှင့် အထူးသဖြင့်စောင့်စည်းနေ၊ အရက်သေစာမသောက်စားနဲ့ မှောက်မှားမြတ်ပါသလဲ" မေးသည်။



နဂါးမင်းက "ကျွန်ုပ်၏သီလက ပို၍မြတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဂဠုန်တို့မည်သည် နဂါးတို့၏ရန်သူဖြစ်သည်။ ရန်သူကိုမြင်တွေ့နေရသော်လည်း ကျွန်ုပ်သည် အမျက်ဒေါသမထွက်ဘဲ ထိန်းချုပ်ကာ သည်းခံ၍နေပါသည်။ ထို့ကြောင့် ကျွန်ုပ်၏သီလသည် အခြားသူများ၏သီလတို့ထက် ပို၍မြတ်ပါသည်။"

ဂဠုန်မင်းက "ကျွန်ုပ်၏သီလကသာ ပို၍မြတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အလွန်ကြိုက်သော အစာဖြစ်သည့် နဂါးကိုမြင်တွေ့နေရပါလျက် စားချင်လှသောအာသာဆန္ဒကို ထိန်းချုပ်ကာ အစာကြောင့်မကောင်းမှုကို မပြုဘဲနေခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏သီလကသာ ပို၍မြတ်ပါသည်။"

သိကြားမင်းကလည်း "ကျွန်ုပ်၏သီလကသာ ပို၍မြတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အမျိုးမျိုးအဖုံဖုံသောနတ်စည်းစိမ်တို့၌ မွေ့လျော်နေမှုမှ ရှောင်ကြဉ်ကာ သီလကို မကျိုးမပျက်အောင် စောင့်ထိန်းနေခဲ့ပါသည်။ ထိုသို့ စောင့်ထိန်းထားသော သီလဖြစ်၍ ကျွန်ုပ်၏သီလသည်သာ ပို၍မြတ်ပါသည်။"

ထိုအခါ ဓနဥယကောရဗျမင်းကြီးကလည်း ရှေ့မှပြောဆိုခဲ့သူသုံးဦးထက် သူ၏သီလကပို၍ မြတ်ပါသည်ဟုပြောဆိုသည်။ " အကျွန်ုပ်သည် မောင်းမမိသံတစ်သောင်းခြောက်ထောင်နှင့်တကွသော ရွှေနန်းစည်းစိမ်ကို ခံစားနေနိုင်သူဖြစ်ပါလျက် ဤရွှေနန်းစည်းစိမ်ကို စွန့်၍ ကြောင့်ကြမှုမရှိဘဲ ဥပုသ်သီလစောင့်ထိန်းနေခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏သီလသည်သာ အမြတ်ဆုံးဖြစ်ပါသည်။"

သူတို့သည်ကိုယ်စီသီလသာမြတ်သည်ဟုတင်ပြနေသော်လည်း မည်သူ့သီလသည်အမြတ်ဆုံးဖြစ်သည်ဟူသောအဖြေကိုမရဘဲဖြစ်နေသည်။ ထို့ကြောင့် ဝိဓူရအမတ်ကြီး၏အဆုံးအဖြတ်ကိုခံယူကြရန် သဘောတူကြသည်။ ဝိဓူရအမတ်ကြီးက တစ်ဦးချင်းစောင့်ထိန်းထားသောသီလများသည်စင်ကြယ်ကြသည်။ကောင်းမြတ်ကြပါသည်။ သို့သော် လေးဦးစလုံး စောင့်ထိန်းထားသော အချက်လေးမျိုးဖြစ်သည့် "အကြင်ပုဂ္ဂိုလ်သည် သည်းခံခြင်း၊ အစာကြောင့်မကောင်းမှုကိုမပြုခြင်း၊ ကာမဂုဏ်၌ မွေ့လျော်နေမှုမှရှောင်ကြဉ်ခြင်း၊ ကြောင့်ကြမှုမရှိခြင်း" ဟူသော အချက်လေးမျိုး၊ အင်္ဂါလေးမျိုးစလုံးကို ပြည့်စုံစွာ စောင့်ထိန်းနိုင်လျှင် ပို၍ကောင်းမွန်သည်။ ထိုသို့လေးမျိုးစုံအောင် စောင့်ထိန်းနိုင်သူသည်သာ ငြိမ်းအေးသူ၊ မြင့်မြတ်သူဖြစ်သည်ဟူ၍ ရှင်းလင်းပြောကြားလိုက်သည်။

ပညာရှိအမတ်ကြီး၏ပြောကြားမှုသည် မှန်ကန်ပါသည်ဟူ၍ မင်းလေးပါးစလုံးက သဘောကျသည်။ ထို့ကြောင့် သိကြားမင်းက ဘွဲ့ဖြုပုဆိုး၊ ဂဠုန်မင်းက ရွှေပန်းခိုင်၊ နဂါးမင်းက ပတ္တမြား၊ ကောရဗျမင်းကြီးက နို့စားနွားများ၊ ဆင်များ၊ အာဇာနည်မြင်းကသောရထား၊ ရွာကြီး ၁၆ ရွာတို့ကို အသီးသီးပေးအပ် ပူဇော်ကြသည်။ ထို့နောက် မင်းလေးပါးတို့သည် လိုရာခရီးသို့ထွက်ခွာသွားကြသည်။

နဂါးမင်းသည် သူ့ဌာနေသို့ပြန်ရောက်သည်။ မိဖုရားကြီး ဝိမလာက နဂါးမင်း၌ ဆင်မြန်းထားသော ပတ္တမြားကို မမြင်သဖြင့် မေးမြန်းသည်။ နဂါးမင်းက ဝိဓူရအမတ်ကြီးထံမှ တရားနာခဲ့ရပုံနှင့် ပတ္တမြားအား အမတ်ကြီးကိုပူဇော်ခဲ့ပုံများကိုပြောပြလိုက်သည်။

ထိုအခါ နဂါးမင်း၏မိဖုရားကြီးသည် ဝိဓူရသုခမိန်၏တရားကို ကြားနာချင်သောဆန္ဒများဖြစ်လာသည်။ တရားနာနိုင်ဖို့ ဝိဓူရကိုခေါ်ဆောင်ပေးရန်ပြောလျှင် ရချင်မှရမည်။ ဝိဓူရ၏ နှလုံးသားသည် ချင်ခြင်းဖြစ်သည်။ ခေါ်ဆောင်ပေးပါဟု ပြောမှဖြစ်မည်ဟုစဉ်းစားကာ မကျန်းမာသူဟန်ဆောင်လျက် အိပ်ရာထက်၌ပင် အိပ်နေတော့သည်။ နဂါးမင်းကြီးက မိဖုရားကြီး တကယ်ပင် မကျန်းမာဖြစ်သည်ဟုယူဆကာ မိဖုရားကြီးကိုအကျိုးအကြောင်းလာမေးသည်။

ထိုအခါမိဖုရားကြီးက "လိုချင်တပ်မက်မှုဟူသောချင်ခြင်းသည် မတို့၏အပြင်းပြဆုံးဆန္ဒဖြစ်သည်။ ထိုဆန္ဒမပြည့်ဝလျှင် မတို့သည် ဝေဒနာပြင်းပြစွာ ခံစားရပါသည်။ ယခုကျွန်ုပ်သည် ဝိဓူရ၏ နှလုံးသားကို လိုချင်သောဆန္ဒပြင်းပြစွာဖြစ်နေပါသည်။ ထိုဆန္ဒမပြည့်လျှင်သေရပါတော့မည်" ဟူ၍ပြန်ပြောသည်။ အမှန်က နဂါးမိဖုရားကြီးသည် ဝိဓူရသုခမိန်၏ တရားတော်ကို နာယူလိုခြင်းဆန္ဒကို တိုက်ရိုက်မပြောဘဲ နှလုံးသားကိုလိုချင်သောဆန္ဒဟု ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် နဂါးမင်းသည် ဝိဓူရ၏နှလုံးသားကိုအရယူကာ မိဖုရား၏ဆန္ဒကိုဖြည့်ဆည်းပေးနိုင်မည့်နည်းလမ်းကိုရှာကြံသည်။

နဂါးမင်း၏ သမီးတော်ဣရန္ဓတီသည် အဆိုပါအကြောင်းအချက်များကို သိရသည့်အခါ သည်တာဝန်ကို သူအောင်မြင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိခံလိုက်ပြီး ဝိဓူရ၏နှလုံးသားကို ယူဆောင်ပေးနိုင်မည့်သူကို ရှာဖွေခဲ့သည်။ ဝေဿဝဏ်နတ်မင်းကြီး၏ တူဖြစ်သူ ပုဏ္ဏကဘီလူးစစ်သူကြီးကို ရှာဖွေတွေ့ရှိခဲ့ပြီး ခမည်းတော်နဂါးမင်းထံ ခေါ်ဆောင်ခဲ့သည်။ နဂါးမင်းက ဝိဓူရအမတ်သုခမိန်၏ နှလုံးသားကို ယူဆောင်ပေးနိုင်လျှင် သမီးတော်နှင့်လက်ထပ်ထိမ်းမြားပေးမည်ဟုကတိပြုလိုက်သည်။

ဤသို့ဖြင့် ပုဏ္ဏကသည် သူ၏ဦးရီးတော်သူ နတ်မင်းကြီးထံ ခွင့်ပန်ပြီး မနောမယပတ္တမြားကိုယူလျက် လုလင်အသွင်ဖြင့် ကောရဗျမင်းကြီးထံလာခဲ့သည်။ မင်းကြီးနှင့်တွေ့လျှင် သူ၏အမည်မှာကစ္စည်းဖြစ်ပြီး ကာလစမွာယ်နဂိုရ်ပြည်မှလာခဲ့ကြောင်း၊ မင်းကြီးနှင့်ကြွေအန်ကစားလိုရှိဖြစ်ကြောင်း ပြောပြခဲ့သည်။ သူ့တွင် မနောမယပတ္တမြားကိုပြသပြီး သူ့တွင်အာဇာနည်မြင်းလည်းပါကြောင်း၊ ထိုပစ္စည်းနှစ်ခု၏တန်ဖိုးမှာ အဖိုးမဖြတ်နိုင်အောင်ကြီးမားကြောင်း လက်တွေ့ပြသသည်။ အရှင်မင်းကြီးနိုင်လျှင်ဤမနောမယပတ္တမြားကိုယူပါဟုပြောခဲ့သည်။ ကောရဗျမင်းကြီးက အကယ်၍ သင်နိုင်ခဲ့လျှင် "ငါနှင့်ငါ့မိဖုရား၊ ငါ့ထီးနန်းမှလွဲ၍ ကျန်သော ငါပိုင်ပစ္စည်းအားလုံးကိုယူပါ" ဟုပြောခဲ့သည်။ **စာမျက်နှာ ၁၃ သို့ ◆**

◆ **စာမျက်နှာ ၁၂ မှအဆက်**

ဤကစားပွဲတွင် ကောရဗျမင်းကြီး ရှုံးနိမ့်ခဲ့သည်။ အခါတိုင်း သူ့ကိုကူညီနေသောနတ်သမီးသည် မကူညီနိုင်တော့ပေ။ နတ်သမီးကို ပုဏ္ဏကဘီလူးစစ်သူကြီးက အဝေးသို့နှင်ထုတ်ထားသောကြောင့် ဖြစ်သည်။ အနိုင်ရသွားသောပုဏ္ဏကသည် မင်းကြီးအား "အရှင်မင်းကြီး၏ပစ္စည်းအားလုံးတွင် ဝိမုရသုခမိန်သည် ကျွန်ုပ်အလိုချင်ဆုံးပစ္စည်းဖြစ်ပါသည်။ သူ့အား ကျွန်ုပ်ကို အလျင်အမြန်ပေးတော်မူပါ" ဟု တောင်းဆိုတော့သည်။

"အမောင်လုလင်၊ ဝိမုရသုခမိန်သည် ငါပိုင်ပစ္စည်းမဟုတ်၊ ငါ၏ကျွန်လည်းမဟုတ်၊ ငါ၏အားထားရာ ငါ၏ဆရာဖြစ်သည်။ ငါပိုင်ပစ္စည်းထဲမှ ကျန်တာအားလုံးကြိုက်ရာယူပါ"ဟု မင်းကြီးကပြောဆိုသည်။ နောက်ဆုံးတွင် ဝိမုရသုခမိန်၏အဆုံးအဖြတ်ကို အတည်ယူကြမည်ဟုသဘောတူသည်။

နောက်ဆုံးတွင် ဝိမုရသုခမိန်က "ငါသည် မင်းခစားဖြစ်၍ ကိုယ်တိုင်အစေအပါးအဖြစ် ခံယူသည့်ကျွန်ဖြစ်သည်။ ထို့ကြောင့် မင်းကြီးသည် ငွေကိုတစ်စုံတစ်ဦးအား ပေးလိုကပေးနိုင်သည်။ ရောင်းလိုကရောင်းနိုင်သည်"ဟု ဆုံးဖြတ်ပေးလိုက်သည်။ နောက်ဆုံးတွင် မင်းကြီးသည်လည်း မတတ်သာတော့ဘဲ ဝိမုရသုခမိန်အား ပုဏ္ဏကထံပေးအပ်လိုက်ရသည်။

ပုဏ္ဏကသည် လမ်းခရီးတစ်လျှောက်လုံးတွင် ဝိမုရသုခမိန်အား သေစေရန် အမျိုးမျိုးကြံဆောင်သည်။ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်မျိုးစုံလုပ်ဆောင်ခဲ့သည်။ နောက်ဆုံးတွင် ဝိမုရသုခမိန်က ပုဏ္ဏကအား တရားဟောခဲ့သည်။ လူကောင်းတို့၌ ရှိအပ်သည့် တရားလေးပါးကို ဟောကြားခြင်းဖြစ်သည်။

"အမောင်ပုဏ္ဏက ၁။ ရှေးဦးစွာသွားသောသူနောက်သို့အစဉ်လိုက်လော့။ ၂။ စိုသောလက်ကိုမခြောက်ပါစေနှင့်။ ၃။ အဆွေခင်ပွန်းကောင်းကိုမပြစ်မှားရာ။ ၄။ ယုတ်မာသောမိန်းမတို့၏ အလိုသို့မလိုက်ရာ၊ ဤတရားများကို တန်ဖိုးကြီး၍ မြင့်မြတ်သော သာဓုနရတရားလေးပါးဟု ခေါ်ကြောင်း"ပြောပြခဲ့သည်။

ပုဏ္ဏကက ဝိမုရဟောသောတရားမှာ ကျဉ်းလွန်းသဖြင့် အကျယ်ဟောပါရန် ထပ်မံတောင်းပန်သည်။ ထို့ကြောင့် အကျယ်တဝင့် ဟောပြခဲ့ရသည်။ ဤဇာတ်တော်၏ အဓိကအပိုင်းမှာ "သာဓုနရတရားလေးပါး"ဟု ပြောနိုင်သည်။ ထို့ကြောင့် ဝိမုရသုခမိန်က အောက်ပါအတိုင်း အကျယ်ဟောကြားခဲ့သည်။

အမောင်ပုဏ္ဏက အကြင်သူသည် မိမိနှင့်အတူတကွ မနေဖူး၊ မတွေ့ဖူး၊ မမြင်ဖူး၊ မသိကျွမ်းဖူးဘဲလျက် မိမိကို နေရာပေးခြင်း၊ စားဖွယ်သောက်ဖွယ်ပေးခြင်း စသည့်ဧည့်ခံကျွေးမွေးပြုစုခဲ့၊ မိမိကလည်းထိုသူအား သူပြုကျင့်သကဲ့သို့ အစဉ်လိုက်ကာ ကျေးဇူးတုံ့ပြန်ပြုရာ၏။ ဤသည်မှာ ရှေးဦးစွာသွားသောသူနောက်သို့ အစဉ်လိုက်ခြင်းမည်ပေ၏။

အမောင်ပုဏ္ဏက စိုသောလက်ကို မခြောက်ပါစေနှင့်ဟူသည်မှာ အကြင်သူ၏အိမ်၌ တစ်ညဉ့်မျှဖြစ်စေ၊ ပို၍ဖြစ်စေ တည်းခိုနေထိုင်ဖူးခဲ့၊ ထမင်းတစ်လုတ်ကိုဖြစ်စေ၊ ရေတစ်မှုတ်ကိုဖြစ်စေ စားသောက်ဖူးခဲ့၊ ထိုသူအား အကျိုးပျက်စီးစေရန်မပြုအပ်။

အမောင်ပုဏ္ဏက အဆွေခင်ပွန်းကောင်းကို မပြစ်မှားရာဟူသည်မှာ သင်ရိုက်ကိုမဆိုထားနှင့် သင်မဲ့ဖြစ်သည့် သစ်ပင်ဖြစ်စေ၊ သူ့အရိပ်ကိုခိုဖူးလျှင်၊ သူ၏အကျိုးပြုမှုကိုခံယူဖူးလျှင် ထိုအရာ၊ ထိုသင်္ဂရိသည် အဆွေခင်ပွန်းကောင်းမည်ပေ၏။ ထိုအဆွေခင်ပွန်းကောင်းကို မပြစ်မှားရာ။

အမောင်ပုဏ္ဏက အကြင်မိန်းမသည် ငါ့ကိုသာချစ်မြတ်နိုး၏။ အခြားသူကို ချစ်မြတ်နိုးမှုမရှိဟုပြောသဖြင့် ထိုမိန်းမအား ဥစ္စာပစ္စည်းအမြောက်အမြားပေး ထားသော်လည်း အကျင့်စာရိတ္တမကောင်းသောမိန်းမဖြစ်က အခွင့်ရလျှင် ဖောက်ပြန်တတ်သည်သာဖြစ်သည်။ ထိုကဲ့သို့ အကျင့်မကောင်းသောမိန်းမတို့၏အလိုသို့မလိုက်ရာ။ ဤသည်မှာ ယုတ်မာသောမိန်းမတို့၏အလိုသို့မလိုက်ရာဟူသော တရား၏ဆိုလိုရင်းပေတည်း။

သုခမိန်က အကျယ်ဟောကြားသောအခါ ပုဏ္ဏကသည် "သုခမိန်သည် ရှေးက ငါ့ကိုမမြင်ဖူး၊ မသိဖူးပါဘဲလျက် ငါ့ကို သူ့အိမ်သို့ခေါ်ကာ ကောင်းစွာပြုစုကျွေးမွေးခဲ့သည်။ သူ့အိမ်၌ ငါသည် သုံးရက်ကြာနေထိုင်နားခိုခဲ့ဖူးသည်။ ယခု သူ့ကိုပင် ညှဉ်းပန်းနှိပ်စက်လျက် သတ်ရန် ငါဆောင်ရွက်နေသည်။ ၎င်းသို့ဆောင်ရွက်နေခြင်းမှာ နဂါးမင်း၏သမီး ဣရန္ဓတီဟူသော မိန်းမကို လိုချင်သောကြောင့်ဖြစ်သည်။ ဤငါ၏လုပ်ရပ်အားလုံးသည် အဆွေခင်ပွန်းကောင်းကို ပြစ်မှားခြင်းဖြစ်၏။ ထိုအလုပ်များကို ငါစွန့်လွှတ်အံ့"ဟု စဉ်းစားမိသည်။ ထို့ကြောင့် သုခမိန်အား "အိမ်သို့ပြန်ကာ မိသားစုနှင့် ပျော်ရွှင်စွာနေပါတော့" ဟု ပြန်လွှတ်ပေးလိုက်သည်။

သို့သော် ဝိမုရသုခမိန်သည် သူ့အား နဂါးပြည်သို့ပို့ပေးရန်ပြောဆိုခဲ့သည်။ ပုဏ္ဏကက တားမြစ်သည်။ ဝိမုရသုခမိန်က "ကျွန်ုပ်သည် သုခမိန်တစ်ယောက်

> **❝ ဝိမုရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလဖြူစင်ဖြောင့်မတ်မှုအပေါ်တွင်အခြေခံသော ပညာ၏အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့် မကောင်းသောအကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိမုရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာခုနစ်ပါးကိုပွားများနိုင်ကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ခြင်းဖြစ်. . . ❞**

နေထိုင်လျှင် ကောင်းရာသုဂတိသို့လားရောက်နိုင်ပါသည်" ဟုဖြေကြားခဲ့သည်။

ထို့နောက် ဝိမုရသုခမိန်သည် နဂါးမင်း၏မိဖုရားဝိမလာနှင့်တွေ့ဆုံသည်။ နဂါးမိဖုရားကြီးက သုခမိန်ကြီးအား ပူဇော်ဖွယ်အမျိုးမျိုးတို့ဖြင့် ပူဇော်သည်။ မွန်မြတ်သော စားသောက်ဖွယ်တို့ကို ကျွေးမွေးသည်။

နဂါးမင်းကြီးက **"သုခမိန်၊ ပညာရှိသုခမိန်တို့၏ နှလုံးသားဟူသည်မှာ ပညာဟူသောနှလုံးသားဖြစ်သည်ဟု နားလည်ပါပြီ။ သုခမိန်၏တရားဟောကြားပေးခြင်းဟူသော ပညာနှလုံးသားကိုရ၍ အကျွန်ုပ်တို့နှစ်သက်ဝမ်းမြောက်ရပါပြီ။ ပညာဟူသော နှလုံးသားမှတစ်ပါး သုခမိန်ထံမှ အခြားတစ်စုံတစ်ရာကိုမျှမလိုချင်တော့ပါ"**ဟု ပြောကြားခဲ့သည်။ ထို့နောက် သုခမိန်ကြီးအား ဣန္ဒပတ္တနဂိုရ်ပြည်သို့ပြန်လည်ပို့ဆောင်ပေးရန် နဂါးမင်းကြီးက ပုဏ္ဏကအားပြောခဲ့သည်။ ပုဏ္ဏကသည် ဝမ်းသာအားရဖြစ်ပြီး ဝိမုရသုခမိန်အား မနောမယပတ္တမြားပေးအပ်သည်။

နဂါးပြည်မှပြန်လည်ရောက်ရှိလာသော ဝိမုရပညာရှိသုခမိန်အား ကောရဗျမင်းကြီးနှင့် တိုင်းသူပြည်သားများက ဝမ်းသာအားရသောင်းသောင်းဖြဖြကြိုဆိုကြသည်။ ဤသို့ဖြင့် ဝိမုရဇာတ်တော်ကြီးကို ပျော်ရွှင်ကြည်နူးစွာ ဇာတ်ပေါင်းခဲ့ကြသည်။

"ဝိမုရ" ဇာတ်တော်ကြီး ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနိမ့်အမြင့်အလိုက် ရှေးရိုးရာပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် "အဆိုပညာ"ရပ်၊ အလွမ်းအဆွေး သရုပ်ဆောင်ရာတွင် အသုံးချသည့် "အငိုပညာ" ရပ်နှင့် နားထောင်ရသူ စွဲမက်စေမည့် "အပြောပညာ" ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက်မှန်ကန်စွာ မြန်မာ့ရိုးရာသဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်ယှဉ်ပြိုင်ကြသည်။

ဝိမုရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါး အကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ ဆိုးပြစ်နှင့် မကောင်းသောအကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိမုရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာခုနစ်ပါးကိုပွားများနိုင်ကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ခြင်းဖြစ်သည်။

ဝိမုရဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ အစဉ်အလာကို ထိန်းသိမ်းထားသော ဆို၊ ငို၊ ပြော အနုပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍လည်းကောင်း၊ ဇာတ်ကောင်တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပိုင်မှုတို့ဖြင့်လည်းကောင်း မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ၏ အနှစ်သာရနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးကာ အနုပညာရသ မြောက်စွာ ယှဉ်ပြိုင်ကြသည့်အတွက် အလွန်ကြည့်ရှု၍ ကောင်းသောပြိုင်ပွဲကြီးတစ်ခုဖြစ်သည်။ သူ့ထက်သူ လူစွမ်းကောင်းဟုဆိုသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုဇာတ်သဘင်အဖွဲ့များက တော်အောင်၊ ကောင်းအောင် ကြိုးစားယှဉ်ပြိုင်ကြသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် အနုပညာသမားများအတွက် **"နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ရင်ထဲတွင် "မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များဆက်လက် ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး"** ဆိုသည့် မူဝါဒရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပသည့် ပြိုင်ပွဲများသည် ဆုရရှိရေးအတွက်သာမက **မြန်မာ့ရိုးရာအနုပညာများ ရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့် အနုပညာရှင်များပေါ်ထွန်းလာရေးနှင့် မျိုးဆက်သစ်လူငယ်များက မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့်အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက်ပြောကြားလိုကြောင်း"** ဟူသော နိုင်ငံတော်သမ္မတ၏မိန့်မှာချက်ကို အလေးအနက်ထား လိုက်နာဆောင်ရွက်ကြခြင်းဖြင့် အနုသုခမပညာရပ်များ ပိုမိုတိုးပွားပါစေကြောင်းဆန္ဒပြုအပ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၀-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၃။ ၀၈:၄၅ မှတ်သားလိုက်နာပုံပမာ
၄။ ၀၉:၂၅ မြန်မာသံစဉ် ချိုနှင်းဝင်
၅။ ၁၁:၄၅ ပန်းတို့၏အလှတရား
၆။ ၁၅:၃၀ ဆောင်းပါးပေါ်မှစာစုများ
၇။ ၁၈:၂၀ ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေး

ခိုလမ်မြို့နှင့်နမ့်စန်မြို့တို့ရှိ သံဃာတော်များနှင့်သာသနာနွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများပြုလုပ်



သာသနာနွယ်ဝင်သီလရှင်များအား အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူစဉ်။



သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိသံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ မြို့ပေါ်လမ်းမကြီးတစ်လျှောက်၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက် လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ခိုလမ်မြို့ရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်း မှသံဃာတော် ၆၇ ပါး၊ ရှင်သာမဏေ ၃၅ ပါးနှင့် သာသနာနွယ်ဝင်သီလရှင် ၆၃ ပါးတို့က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကြွချီတော်မူကြရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံး တပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့်စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကိုမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကိုပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“ မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)က အရင်တုန်းကသုံးခဲ့တဲ့ လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊





စတင်ဖွဲ့စည်းခဲ့တဲ့ ခုနှစ်တွေနဲ့ စက်ပစ္စည်းအစိတ်အပိုင်းတွေပေါ်နော် မသိခဲ့တာတွေအများကြီးသိခဲ့ရပါတယ်ရှင်။ တာဝန်ရှိသူတွေကလည်း အများကြီးရှင်းပြတဲ့အတွက်ကြောင့် မသိတာတွေအများကြီး သိလိုက်ရတယ်။ တခြားမောင်ငယ်၊ ညီမငယ်တွေကိုလည်း ပြန်ပြောနိုင်လောက်အောင် အသိအမြင် အများကြီးရလိုက်ပါတယ်။ မမြင်ဘူးတာတွေ၊ မသိခဲ့တဲ့သမိုင်းတွေကိုလည်း သေသေချာချာရှင်းပြတဲ့အတွက်ကြောင့် အကုန်လုံးကို သိလိုက်ရပါတယ်”ဟု ပြောသည်။

“စစ်ဆိုမိုင်းပြတိုက်ကိုဘာကြောင့် လေ့လာရသလဲဆိုတော့ ကျွန်တော်တို့နေနေတာ မြန်မာနိုင်ငံဆိုတော့ မြန်မာနိုင်ငံရဲ့အကြောင်းအရာတွေ၊ ပြီးတော့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေရဲ့ စစ်ပညာတွေကို လေ့လာရတဲ့ အတွက်ကြောင့် နောင်ကျရင် လေတပ်မှာပါဝင်ချင်လည်းရတယ်။ ကြည်းတပ်မှာပါဝင်ချင်ရင်လည်း ပါဝင်လို့ရတဲ့ အခွင့်အရေးအလားအလာတွေကိုသိရှိခွင့်ရတယ်။ အဲ့ဒါကြောင့် အများကြီးဝမ်းသာမိပါတယ်။ ပြီးတော့ ကိုယ်နေတဲ့ မြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ဘုရင်တွေ၊ဗိုလ်ချုပ်တွေ၊ ဗိုလ်ကြီးတွေရဲ့အကြောင်းအရာတွေကို လေ့လာရတဲ့အတွက်ကြောင့် စာထဲမှာသာမက အပြင်ပတ်ဝန်းကျင်ဗဟုသုတတွေရရှိတဲ့အတွက်ကြောင့်လည်း ဝမ်းသာမိပါတယ်။ နောက်ပြီး ကျောင်းသား၊ ကျောင်းသူတွေလည်း လာခဲ့ပါလို့။ လိုက်ရှင်းပြတဲ့ ဗိုလ်ကြီးတွေကအစ ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံးနဲ့ကျွန်တော်တို့ သိချင်တာ အကုန်လုံးကိုလည်း ရှင်းပြပေးတယ်။ အဲ့လိုရှင်းပြပေးတဲ့အတွက်ကြောင့် လည်း ကျွန်တော်တို့ သိချင်တာတွေ သိရှိခဲ့ရတယ်။ အဲ့ဒါကြောင့် လူငယ်ဘဝမှာ လိုအပ်တဲ့ဗဟုသုတတွေလည်း ရရှိတာဖြစ်တဲ့အတွက်ကြောင့်လာခဲ့ပါလို့ ကျောင်းသား၊ ကျောင်းသူများကို ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။

(၁၀၀)

"ဝိဓူရ" ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေး





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ "သဘင့်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့၏ "ဝိဓူရ" ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် "သဘင့်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့က သမားစဉ်နှင့်အညီ ကပြဖျော်ဖြေတင်ဆက်သည့် **"ဝိဓူရ"** ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေခြင်းကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်အတွင်း၌ ကပြဖျော်ဖြေရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါဇာတ်တော်ကြီးတင်ဆက်ကပြဖျော်ဖြေပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရှိ ရုံးဌာနအသီးသီးမှအရာရှိ၊ စစ်သည်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ရှုနိုင်စေရန်အတွက် နဝဒေးခန်းမတွင်လည်း LED Board ဖြင့် တိုက်ရိုက်ပြသထားရှိသည်။

"ဝိဓူရ" ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာသမားစဉ်နှင့်အညီ ဘုရားကန်တော့ခန်းနှင့် ဇာတ်တော်ကြီးသမားစဉ်အဖျိုတော် ထွက်ခန်းတို့ဖြင့် အစပျိုးပြီး ကပြဖျော်ဖြေသည်။ ထို့နောက် ကောရေဗျမင်း၊ သိကြားမင်း၊ နဂါးမင်း၊ ဂဠုန်မင်းတို့၏အတိတ်ဘဝ(တေးသရုပ်ဖော်)ခန်း၊ ကောရေဗျမင်းနန်းစီးခန်း၊ မင်းလေးပါးစုံညီ တရားပြိုင်ခန်း၊ နဂါးပြည်/ဝရဏနဂါးမင်းနဂါးပြည်တွင် ဝိဓူရအမတ်အကြောင်းပြောဆို၍ မိဖုရားဝိမလာမှ ဝိဓူရအသည်းနှလုံး စားသုံးလိုကြောင်း ပူဆာခန်း၊ ဣန္ဒရနတီသူရဲကောင်းရှာခန်း၊ ပုဏ္ဏကမြင်းစီးထွက်ခန်း၊ ပုဏ္ဏကနှင့်ဣန္ဒရနတီ ဆုံစည်းခန်း၊ ပုဏ္ဏကဘီလူး ဝေပုလ္လတောင်ကိုခွဲ၍ ပတ္တမြားယူခန်း၊ ကောရေဗျမင်းနှင့် ကစ္စည်းလုလင်တို့ကြွေအန်ကစားခန်း၊ ဝိဓူရအိမ်တော်သို့ပုဏ္ဏက/ကစ္စည်းလုလင်လိုက်လာခေါ်ဆောင်ခန်း၊ ဝိဓူရအား ပုဏ္ဏကမှ တောင်စဉ်(၇)ထပ်တိုက်ခန်း၊ အသူရိန္ဒါ တရားဟောခန်း၊ ဝိဓူရအမတ်ကြီးပြည်တော်ဝင်ခန်း၊ နှစ်ပါးသွား ဇာတ်သိမ်းခန်းတို့ကို အနုပညာရှင်များက မြို့ငြိမ်မြို့ဆိုင်ဆိုင်ထိထိမိမိဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ဖော်ညွှန်းထားသည့် ဇာတ်တော်ကြီးဖြစ်ကြောင်း၊ ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလဖြူစင်ဖြောင့်မတ်မှုအပေါ်တွင်အခြေခံသော ပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့် မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာခုနစ်ပါးကို ပွားများနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကပြဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ် ဝိဓူရအမတ်ကြီးနဂါးပြည်သို့ရောက်ပို့နိုင်စွာ တင်ဆက်ကပြဖျော်ဖြေကြသည်။

"ဝိဓူရ" ဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်တွဲ့အနက်မှနဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဘုရားလောင်းဝိဓူရပညာရှိ၏ ထူးကဲလှသည့် ဉာဏ်ပညာ၊ သစ္စာတရား၊ ကိုယ်ကျင့်သီလနှင့်ခိုင်မာတည်ကြည်သော စိတ်ဓာတ်၊ အန္တရာယ်နှင့် အခက်အခဲတို့ မည်မျှပင်ကြီးမား စေကာမူ သစ္စာတရားကိုမစွန့်လွှတ်ခြင်း၊ ဉာဏ်ပညာဖြင့် အခြေအနေတို့ကို မှန်ကန်စွာဆင်ခြင်ဖြေရှင်းခြင်းဖြင့် ကိုယ်ကျင့်တရားကိုမြတ်နိုးစောင့်ထိန်းခြင်းတို့ကို ထင်ရှားစွာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။



"ဝိဓူရ" ဇာတ်တော်ကြီးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ရှုနိုင်စေရန်အတွက် နဝဒေးခန်းမ၌ LED Board ဖြင့် တိုက်ရိုက်ပြသထားမှုကို တွေ့ရစဉ်။

ဖော်ဆောင်ထားသည့် ဇာတ်တော်ကြီးဖြစ်ကြောင်း၊ ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလဖြူစင်ဖြောင့်မတ်မှုအပေါ်တွင်အခြေခံသော ပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့် မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာခုနစ်ပါးကို ပွားများနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကပြဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ဘယ်လာရုစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် နှစ် (၃၀)ပြည့် စွမ်းအင်နှင့်ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်အဖွဲ့ တက်ရောက်



နေပြည်တော် အောက်တိုဘာ ၂၇

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသည့် နှစ်(၃၀)ပြည့် စွမ်းအင်နှင့် ဂေဟဗေဒစနစ်ဆိုင်ရာ ဖိုရမ်သို့ ယနေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ပါဝင်တက်ရောက်သည်။

ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် Developing Energy, Developing the Economy ခေါင်းစဉ်ဖြင့် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ တည်ရှိနေမှုပထဝီအနေအထားအရ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်စပ်ပေးလျက်ရှိသည့် တံတားသဖွယ်ဖြစ်နေ၍ ယင်းအခွင့်အလမ်းကိုအသုံးချပြီး စွမ်းအင်ဆိုင်ရာကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်နိုင်ငံများအား မိမိတို့မြန်မာနိုင်ငံသို့ လာရောက်လေ့လာပြီး ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရင်းမြစ်များ ထိုက်သင့်သည့် ပေါကြွယ်ဝမှုရှိသည့်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ကြောင်း။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် စိန်ခေါ်မှုများစွာရှိနေသည့်အတွက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဦးစွာဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးချခြင်း၊ သဘာဝဓာတ်ငွေ့ရည်ဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆိုင်ရာသင်ကြားကူညီမှုလူစွမ်းအား ရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမှုစသည်တို့လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပိုမိုပါဝင်လာစေခြင်း၊ သင့်လျော်သောခေတ်မီနည်းပညာများအသုံးပြုခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ရေရှည်ချမှတ်ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်လုံခြုံရေးကို တိုးတက်စေပြီး အနာဂတ်အတွက် ယုံကြည်စိတ်ချရပြီးရေရှည်တည်တံ့သည့်စွမ်းအင်အဖြစ် တိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား Roadmap on Cooperation လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ Roadmap on Cooperation တွင် နှစ်နိုင်ငံကြား မဟာဓာတ်အားလိုင်းများအား အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတွင် ဖြစ်ပေါ်နိုင်သည့် လေလွင့်ဆုံးရှုံးမှုများ (Losses) လျော့ချရေး နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ခြင်း၊ Smart Power Generation နှင့် Smart Grid တို့ဖွံ့ဖြိုးလာစေရေးအတွက် နည်းပညာများအကူအညီပေးခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှစ်ရပ်လုံးတွင် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးအတွက် ဘယ်လာရုစ်နိုင်ငံ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၊ သင်တန်းကျောင်းများ၊ တက္ကသိုလ်များသို့ သင်တန်းသားများ စေလွှတ်၍ သက်ဆိုင်ရာ ဘာသာရပ်များလေ့ကျင့်သင်ကြားခြင်းတို့ပါဝင်သည်။

ထို့မတစ်ဆင့်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Energy Expo တွင် ခင်းကျင်းပြသထားသည့်နိုင်ငံတကာလျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ပြခန်းများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ



မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလ္ဍစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



မြစ်ကြီးနားမြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



မကွေးမြသလွန်စေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်၌ သက်ကြီးပူဇော်ပွဲကျင်းပစဉ်။





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ထားရာ လာရောက်အပန်းဖြေကြည့်ရှုသူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



❖ ရှေ့ဖုံးမှအဆက်

သီတင်းကျွတ်မီးထွန်းပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ မြို့ပြနှင့် ကျေးလက်ဒေသ အသီးသီးတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရား၊ စေတီပုထိုးများ၌ ဖူးမြော်ကြည်ညိုခြင်း၊ ကုသိုလ်ဒါနပြုခြင်းများနှင့်အတူ အစဉ်အလာရိုးရာပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိသည့်အပြင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သက်သန့်ဂိုရ်ပြည်သို့ နတ်ဗြဟ္မာ အပေါင်းခြံရံလျက် ဆင်းသက်တော်မူလာသည့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းပူဇော်သည့် အစဉ်အလာအတိုင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လမ်းတိုင်း၊ အိမ်တိုင်းတွင် ရောင်စုံဆီမီးများ၊ မီးပုံးများဖြင့် ထွန်းညှိပူဇော်ခြင်းများကို နိုင်ငံတစ်ဝန်း လှုပတင့်တယ်သည့် သီတင်းကျွတ်ညချမ်းရှုခင်းများကို သာယာကြည်နူးချမ်းမြေ့ဖွယ်ကျင်းပလျက်ရှိကြသည်။

ထိုသို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း ကျင်းပလျက်ရှိရာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ယနေ့တွင်လည်း ဒက္ခိဏာသီရိမြို့နယ်၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကုံတော်၌ တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ဝါကျွတ်ကာလအခါသမယအဖြစ် ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖွားပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း လှူဒါန်းခြင်း၊ စတုဒိသာ ကျွေးမွေးကုသိုလ်ပြုခြင်းတို့ဖြင့် ကုသိုလ်သီလပွားများလျက်ရှိကြသည်။ ထို့ပြင် မြန်မာတို့၏ ချစ်ဖွယ်ကောင်းသော ယဉ်ကျေးမှုအစဉ်အလာအတိုင်း မိဘ၊ ဆရာ၊ သက်ကြီးဝါကြီး အဘိုးအဘွားများအား သွားရောက်ပူဇော်ကန်တော့ကြပြီး မေတ္တာမင်္ဂလာတရားများဖြင့် ပျော်ရွှင်စရာကောင်းသော သီတင်းကျွတ်ကာလကို ဖြတ်သန်းလျက်ရှိကြသည်။

မြို့ပြဒေသများရှိ အများပြည်သူအပန်းဖြေနေရာများ၊ ဥယျာဉ်များနှင့် ပန်းခြံများတွင်လည်း ရောင်စုံမီးအလှများတပ်ဆင်ထားရှိကာ မြန်မာ့ရိုးရာ အကအလှများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် စွေးရောင်းပွဲတော်များ ကျင်းပပေးလျက်ရှိရာ မိသားစုအလိုက်၊ သူငယ်ချင်း အပေါင်းအသင်းအဖွဲ့များအလိုက် လည်ပတ်အနားယူသူများဖြင့် အထူးပင်စည်ကားများပြားလျက် ရှိသည်။ အလားတူပင် ကျေးလက်ဒေသများတွင်လည်း ရွာလုံးကျွတ် ဆီမီးထွန်းညှိပူဇော်ပွဲများ၊ ရိုးရာမီးပုံးပျံလွှတ်တင်ပွဲများနှင့် ဒေသဆိုင်ရာ ဘုရားပွဲတော်များကို ပျော်ရွှင်စွာကျင်းပကြရာ မြို့ပြနှင့် ကျေးလက် ဟန်ချက်ညီညီ ငြိမ်းချမ်းအေးမြသည့် ရိုးရာပွဲတော်ရသကို အပြည့်အဝ ဖန်တီးကြလျက်ရှိရာ ပြည်သူအများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေလည်ပတ်လျက်ရှိကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းမကြီးများနှင့် လမ်းသွယ်များတစ်လျှောက် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးများ လှုပစွာတပ်ဆင်ထားရှိပြီး မီးရောင်စုံများ တပ်ဆင်ထားသည့် ပန်းအလှပုံစံများ၊ ရောင်စုံမီးစာလုံးများ၊ အလှဆင်ပုံစံငယ်များအား ရောင်စုံမီးအလှများဆင်ယင်ထားရှိကြရာ လာရောက်အပန်းဖြေကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ ဗီယက်နမ်နိုင်ငံမှပြန်လည်ရောက်ရှိ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့အား ကြိုဆိုနှုတ်ဆက်ကြစဉ်။



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့ Viettel Global ရုံးချုပ်၊ Viettel Telecom နှင့် Viettel Post တို့၏လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုလေ့လာစဉ်။



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့ ဟွာလူး(Hoa Lu)မြို့ (၁၁ ရာစုခေတ်က Dnih နှင့် Le မင်းဆက်တို့၏ ရှေးဟောင်းမြို့တော်)သို့ သွားရောက်လေ့လာစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ဗီယက်နမ်နိုင်ငံသို့ အောက်တိုဘာလ ၂၀ ရက်မှစတင်၍ လေ့လာရေးသွားရောက်ခဲ့ကြသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ရောက်ရှိနေစဉ် အောက်တိုဘာလ ၂၁ ရက်တွင် Viettel Academy ကိုလည်းကောင်း၊ အောက်တိုဘာလ ၂၂ ရက်တွင် FPT Software Center၊ Viettel Global ရုံးချုပ်၊ Viettel Telecom နှင့် Viettel Post အား လည်းကောင်း၊ အောက်တိုဘာလ ၂၃ ရက်တွင် ဟိုချီမင်း၏ဂူဗိမာန်၊ One Pillar Pagoda အားလည်းကောင်း၊ ပထမဆုံး ရှေးဟောင်းတက္ကသိုလ်၊ Hoan Kiem ကန်ပတ်ဝန်းကျင်တွင် လမ်းလျှောက်လေ့လာခဲ့သည့်အပြင် ကမ္ဘာလှည့်



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့ ဗီယက်နမ်နိုင်ငံ၏ပထမဆုံးတက္ကသိုလ် Quoc TU Giam ရှိ စာပေဗိမာန်သို့ သွားရောက်လေ့လာစဉ်။

ခရီးသွားများအကြား ထင်ရှားရေပန်းစားသော Hanoi Train Street အားလည်းကောင်း၊ Hoa Lo အကျဉ်းထောင်ဟောင်းတို့အားလည်းကောင်း လေ့လာလည်ပတ်ခဲ့ကြသည်။

အလားတူ အောက်တိုဘာလ ၂၄ ရက်တွင် ဟွာလူး(Hoa Lu)မြို့ (၁၁ ရာစုခေတ်က Dnih နှင့် Le မင်းဆက်တို့၏ ရှေးဟောင်းမြို့တော်)သို့လည်းကောင်း၊ UNESCO မှ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံထားရသော Trang An(ထရန်အန်း)ရှိ ထုံးကျောက်တောင်များ၊ ရေကန်နှင့်လိုဏ်ဂူများ စိမ်းလန်းစိုပြည်သော သဘာဝရှုခင်းနေရာများအား သွားရောက်လည်ပတ်ခဲ့ကြကြောင်းနှင့် အောက်တိုဘာလ ၂၅ ရက်တွင် ကမ္ဘာကျော် Halong Bay(UNESCO ကမ္ဘာ့အမွေအနှစ်နေရာများ)အား လေ့လာလည်ပတ်ခဲ့ကြသည်။

လေ့လာရေးခရီး သွားရောက်ခဲ့သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ် -

"ဒီသဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီးတော့ လှပတဲ့နေရာတွေကိုလည်း သမီးတို့ လေ့လာခဲ့ရပါတယ်။ အဲ့ဒီမှာ သူတို့တွေသဘာဝပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းထားနိုင်လဲ၊ အဲ့ဒါပြီးသွားလို့ရှိရင် ဘယ်လိုလှအောင် ပြုလုပ်ထားပြီးတော့ ကမ္ဘာတစ်ဝန်း ခရီးသွားတွေကို ဘယ်လိုမျိုးစွမ်းဆောင်ထားနိုင်လဲဆိုတာကိုလည်း သမီးတို့တွေ့ရှိခဲ့ရပါတယ်ရှင်။ သမီးအနေနဲ့ ဒီ Viettel Academy၊ Viettel Global အစရှိတဲ့ သူတို့ရဲ့နည်းပညာတော်တော်လေးကိုတိုးတက်နေတဲ့ တိုးတက်အောင်စွမ်းဆောင်နေတဲ့ ကုမ္ပဏီကြီးကို လေ့လာတဲ့အခါမှာ သူတို့က နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းကနေပြီးတော့ ဒီနည်းပညာပိုင်းကနေပြီးတော့လူငယ်တွေအတွက်ရော၊ အခွင့်အလမ်းတွေအတွက်ရော သူတို့အများကြီးအထောက်အပံ့ပေးနေတာကို တွေ့ရပါတယ်ရှင်။ ဒီလို ကုမ္ပဏီကြီးတစ်ခုမှာ သူတို့ရဲ့ အကြောင်းတွေကို လေ့လာရင်းနဲ့ သူတို့မေးတဲ့မေးခွန်းလေးတွေကို ဖြေဆိုပြီးတော့ သူတို့ပေးတဲ့အမှတ်တရလက်ဆောင်လေးရခဲ့တဲ့အတွက် သမီးကလည်း အတိုင်းမသိဝမ်းသာပါတယ်ရှင်။ မဖြေဆိုခင်မှာညီမလေးကို သူတို့ကုမ္ပဏီအကြောင်းကို ဗီဒီယိုကလစ်လေးတစ်ခုပြတယ်ရှင်။ အဲ့ဒါပြီးသွားလို့ရှိရင် အဲ့ဒါကို သူတို့ဥပမာ ၅ မိနစ်ဆိုရင် ၅ မိနစ်အတွင်းမှာ အချက်အလက်လေးတွေကို မှတ်သားရပါတယ်။ အဲ့ဒါပြင် Kahoot ဆိုတဲ့ အက်ပလီကေးရှင်း ကနေပြီးတော့ သမီးတို့တွေလေ့လာတဲ့ကျောင်းသား၊ ကျောင်းသူတွေက ကိုယ့်ရဲ့နာမည်နဲ့ ကာရိုက်တာလေးတွေကို ထည့်ပြီးတော့ သမီးတို့မေးခွန်းတစ်ခုချင်းစီကို ဖြေဆိုရပါတယ်ရှင်။ မေးခွန်းတစ်ခုအတွက် သူက choice လေးတွေပေးထားတယ်ပေါ့နော်။ အဲ့ဒီ choice လေးတွေထဲကနေမှ ရွေးပြီးတော့ တစ်ခါဖြေပြီးသွားရင် အမှတ်အများဆုံးက ဘယ်သူလဲဆိုပြီးတော့ မေးခွန်းတစ်ခါဖြေတိုင်း အဲ့လိုမျိုး စာရင်းလေးပေါ်လာပါတယ်ရှင်။ အဲ့ဒါဆိုတော့ သူငယ်ချင်းအချင်းချင်းလည်း ကိုယ်က သူ့ထက်အမှတ်သာချင်တယ်ဆိုတော့ အပြိုင်အဆိုင်နဲ့ အဲ့ဒီဗီဒီယိုကလစ်လေးကိုလည်း သေချာလေးကြည့်ရှုပြီးတော့ သေချာမှတ်သားပြီးတော့ ဖြေဆိုခဲ့ရပါတယ်ရှင်။ အရမ်းလည်း




ပျော်ရွှင်စရာကောင်းခဲ့ပါတယ်ရှင်။ သမီးတို့အခုလို လေ့လာခဲ့တဲ့အခါမှာ သူတို့ရဲ့ တိုးတက်နေတဲ့နည်းပညာတွေကိုလည်း အတုယူရပါတယ်။ အဲ့ဒါပြီးတော့ သူတို့ရဲ့နိုင်ငံရေးကို ဘယ်လိုမျိုးလှပအောင်လုပ်ပြီးတော့ သူတို့နိုင်ငံရဲ့ နိုင်ငံသားတွေအတွက် စီးပွားရေးအခွင့်အလမ်းတွေ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက်လည်း သူတို့အများကြီးစွမ်းဆောင်နေတာကို သမီးတို့တွေ့ရှိခဲ့ရပါတယ်ရှင်။ သမီးတို့တွေက တက္ကသိုလ်ဝင်တန်းမှာ တစ်နှစ်လုံး ပင်ပင်ပန်းပန်းနဲ့ ကြိုးစားခဲ့ရတယ်။ ပြီးတော့ အခုလိုမျိုး အောင်မြင်မှုတွေရရှိခဲ့တယ်။ အခုလို အောင်မြင်မှုတွေရရှိခဲ့တဲ့အပေါ်မှာ သမီးတို့ကို ဂုဏ်ပြုပေးတဲ့အနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြီးက သမီးတို့ကို ပြည်ပလေ့လာရေးခရီးစဉ်ကို စေလွှတ်ပေးခဲ့ပါတယ်ရှင်။ အဲ့ဒီအတွက်လည်း သမီးတို့က အသိပညာ၊ ဗဟုသုတတွေ၊ အတွေ့အကြုံ



တယ်။ ပြီးတော့ သူတို့က ဒီမတိုင်ခင်မှာ သူတို့ရဲ့အကြောင်းကို ရိုက်ကူးထားတဲ့ Short Film တစ်ခုလည်းပြတယ်ပေါ့နော်။ Short Film တစ်ခုအကြောင်းနဲ့ပတ်သက်ပြီးတော့ သူနဲ့ဆက်စပ်တဲ့ အကြောင်းအရာတွေကို မေးမြန်းတဲ့ ဂိမ်းကစားနည်းလည်း ပြုလုပ်ခဲ့ပါသေးတယ်ရှင်။ သမီးကတော့ အဲ့ဒီဂိမ်းကစားနည်းမှာ ပထမရရှိခဲ့တဲ့ဆုရှင်ဖြစ်ပါတယ်ရှင်။ ဗီယက်နမ်နိုင်ငံမှာ သူငယ်ချင်းနဲ့အတူ ပျော်ပျော်ပါးပါးကစားရင်းနဲ့ ရရှိခဲ့တဲ့ဆုဖြစ်တဲ့အတွက် အမှတ်တရကောင်းများစွာကိုလည်းဖန်တီးပေးနိုင်သလို ညီမက ဘဝတစ်ဆစ်ချိုး အမှတ်တရတစ်ခုဖြစ်တဲ့ Grade-12 စာမေးပွဲပြီးဆုံးပြီးနောက်မှာရရှိတဲ့ နောက်ထပ် ထပ်ဆောင်းဆုတစ်ခုဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမှတ်တရဖြစ်တဲ့အပြင် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ရှင်"ဟုပြောသည်။

(၁၀၀)

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ

















ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ တတိယရက်ညပိုင်းတွင် ဈေးလာရောက်ဝယ်သူပြည်သူများဖြင့် အထူးစည်ကား



ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ တတိယရက် ညပိုင်းတွင် ဈေးလာရောက်ဝယ်ယူသူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ယမန်နေ့ ညပိုင်းကလည်း မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မီးပုံးပျံ အသေးများ၊ ရုပ်ပုံမီးပုံးပျံများနှင့် အလှဆင်မီးပုံးပျံကြိုးများ လွှတ်တင်ခဲ့သည်။

အဆိုပါ ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲသို့ ပြည်သူအများ အပြားလာရောက်ကြပြီး အလှဆင်မီးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ ဆင်များအပျော်စီးခြင်း၊ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများ၊ ဒီဂျေများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာ အတူလိုက်ပါသီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထိုသို့ပျော်ပွဲရွှင်ပွဲများ၊ လူသုံးကုန် ပစ္စည်းများနှင့် အစားအသောက် ရောင်းချနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် အလှူရှင်များက နံနက်၊ နေ့လယ်နှင့် ညပိုင်းများတွင် စတုဒိသာအကျွေးအမွေးများဖြင့် ကျွေးမွေးကြပြီး ပွဲတော်လာ ပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် အကြို/အပို ကားများကိုလည်း စီစဉ်ဆောင်ရွက်ထားရှိသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဖလားမြို့နယ်ပေါင်းစုံ(၄)ပေါက်တန်းခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြသီတာအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီ မှ တာဝန်ရှိသူများထံ အလှူငွေများကို လှူဒါန်းသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အမျိုးသမီးတက်သစ်စဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်အသင်းမှ ခင်ရတီကျော်၊ အမျိုးသားတက်သစ်စဆုရရှိသည့် သန်လျင်မြို့နယ်အသင်းမှ ရှိုင်းထက်အောင်၊ အမျိုးသမီးအကောင်းဆုံးဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်အသင်းမှ မဖြူစင်ဖြိုး၊ အမျိုးသားအကောင်းဆုံးဆုရရှိသည့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အသင်းမှရန်မျိုးအောင်၊ အတိုးတက်ဆုံးအသင်းဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်အသင်း၊ နှစ်သိမ့်ဆုရရှိသည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အသင်း၊ တတိယဆုရရှိသည့် သာကေတမြို့နယ်အသင်းနှင့် ဒုတိယဆုရရှိသည့် မြောက်ဥက္ကလာပမြို့နယ်အသင်းတို့ကိုတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုကလပ်များ၊ တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ခဲ့ကြပြီး ပထမဆုရရှိသည့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အသင်းကိုတိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့်တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ခဲ့ကြောင်းသိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

➢ **ကျောဖုံးမှအဆက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိကျမှုအားကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှောဇ၏ အပြင်ဘက်မှ တမံတာအောက်ခြေအားပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို ယနေ့တွင်လည်း အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထို့ပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများ မှ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချို့နွဲယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဘုရားစေတီများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြန်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၇၁၅	၄၈၇၀	၄၈၂၁	၄၇၃၀	၄၈၇၅	၄၈၉၀	၄၉၂၅	၄၈၀၀	၅၁၇၀	၅၂၂၀	၄၈၂၁	၄၉၈၀	၄၉၃၅	၄၈၇၀	၄၈၈၀	၅၁၁၀
95 Ron	၄၈၃၅	၄၉၉၀	၄၉၄၀	၄၈၅၀	၄၉၉၅	၅၁၁၀	၅၀၄၀	၄၉၂၀	၅၂၂၀	၅၂၄၀	၄၉၄၀	၅၀၉၅	၅၀၃၀	၄၉၉၀	၅၀၀၀	၅၂၃၀
HSD (500 ppm)	၄၄၄၅	၄၅၉၀	၄၅၄၅	၄၄၆၀	၄၅၉၅	၄၆၁၀	၄၆၄၀	၄၅၂၀	-	၄၉၀၅	၄၅၄၅	၅၁၃၀	၄၆၃၀	၄၅၉၀	၄၆၀၀	၄၈၂၀
HSD (50 ppm)	၅၃၀၅	၅၁၃၀	၅၄၀၀	၅၃၉၀	၅၁၃၅	၅၁၄၅	၅၁၀၀	၅၄၆၀	၅၀၄၀	၅၀၅၀	၅၃၆၀	၅၁၇၀	၅၁၃၀	၅၁၄၀	၅၁၄၀	၅၀၇၀
HSD (10 ppm)	၅၃၀၅	၅၁၃၀	၅၄၀၀	၅၃၉၀	၅၁၃၅	၅၁၄၅	၅၁၀၀	၅၄၆၀	၅၀၄၀	၅၀၅၀	၅၃၆၀	၅၁၇၀	၅၁၃၀	၅၁၄၀	၅၁၄၀	၅၀၇၀

ကျပ်/လီတာ

Fuel (လက်တာဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၈၆	၄၆၀၀
95 Ron	၄၆၀၂	၄၇၂၇
HSD (500 ppm)	၄၂၃၆	၄၃၅၀
HSD (50 ppm)	၅၁၂၃	၅၂၅၆
HSD (10 ppm)	၅၁၂၃	၅၂၅၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇ ၊ ၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

“ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အတူလက်တွဲဖော်ဆောင်မှုရမည့်ငြိမ်းချမ်းရေးတွင် NUG၊ PDF အဖွဲ့အစည်းအားလုံး မှန်ကန်တဲ့အသိတရားရှိရှိပါဝင်ဖို့လိုအပ်”** ခေါင်းစဉ်ဖြင့် ၂၈-၁၀-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၄-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာ့ကြောင့် စွန့်ခွာလာကြသလဲ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။

အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၀၀၉၉၅၈ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ပင်းတယ အောက်တိုဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသကိုယ်ပိုင်အုပ်ချုပ်မှုရဲ့ ဒေသပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနနှင့်ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရှိစေရန်နှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက သိမ်ကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

ထိုသို့ကျင်းဆင်းစစ်ဆေးရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အလုပ်အမှုဆောင်ကော်မတီဝင် ဦးဟိန်းထက်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်က သင်တန်းတွင် ထူးချွန်သူများနှင့် သင်တန်းပြီးဆုံးအောင် တက်ရောက်ခဲ့သည့် သင်တန်းသူများကို အလုပ်အကိုင် များရရှိအောင်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မည့် သင်တန်းသူများကိုလည်း အရင်းအနှီးများထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီအေးက သင်တန်းတွင် ထူးချွန်သည့် သင်တန်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံသို့ ပေးအပ်ကာ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များအား ကြည့်ရှုအားပေးသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းကို ပင်းတယမြို့နယ်အတွင်းရှိ သိမ်ကုန်းကျေးရွာ၊ ကုန်းစောင်းကျေးရွာနှင့် အုံအက်ကျေးရွာတို့မှ သင်တန်းသူစုစုပေါင်း ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းပညာ သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမများက စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် ၄၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ဒီဇင်ဘာလ ၁၅ ရက်မှစတင်၍ နွေစပါး ၅၃၇၄ ဧကအား စိုက်ပျိုးရေပေးဝေသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ




နေပြည်တော် အောက်တိုဘာ ၂၇

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများနှင့် တမံရေရှည်ကြံ့ခိုင်ရေးအတွက် Geophysics (ဘူမိရူပ) နည်းပညာအသုံးပြု၍ မြေအောက်အခြေအနေများစစ်ဆေးဆောင်ရွက်လျက်ရှိပြီး တမံသိုလှောင်ရေထိန်းညှိလွှဲချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန် တွင် တမံနိမ့်မြင့်အမှတ်မှာ ၂၈၇ ဒသမ ၆ ပေ (သိုလှောင်ရေပမာဏ - ၅၁၁၃၉ ဧကပေ)ဖြစ်ပြီး ဒီဇင်ဘာလ ၁၅ ရက်မှစတင်၍ နွေစပါး ၅၃၇၄ ဧကအား စိုက်ပျိုးရေပေးဝေသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်တာဝန်ရှိသူများသည် အောက်တိုဘာလ ၂၅ ရက်နံနက်ပိုင်းက တမံအိုလျှာသည့် နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်း ရိုက်ခတ်ခြင်းများမခံရစေရန် မိုးရေကာဖျင်များဖြင့် စနစ်တကျအုပ်မိုးကာကွယ်ထားရှိမှု၊ ရေလှောင်တမံ ပိုမိုစိတ်ချစေရေးအတွက် တမံအခြေဘက်တွင်မြေသားတမံဖို့၍ တမံအခြေထောက်ခြင်း၊ မြေသားတမံနှင့်ဆက်စပ်၍ ရေစစ်ကျောက်ရိုး (Rock Toe)ထည့်သွင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှု၊ ရေစစ်ကျောက်ရိုး(Rock Toe)နှင့်ချိတ်ဆက်သည့် ရေစစ်သဲလွှာလုပ်ငန်းဆောင်ရွက်ခြင်း၊ တမံရေရှည်ကြံ့ခိုင်ရေးအတွက် Geophysics (ဘူမိရူပ) နည်းပညာအသုံးပြု၍ မြေအောက်အခြေအနေများအား စစ်ဆေးနေမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီရေး Quality Control (QC) စစ်ဆေးဆောင်ရွက်မှု၊ တမံတည်ဆောက်ရာတွင် အောက်ခံမြေသား သိပ်သည်းဆနှင့် ခံနိုင်ရည်ဝန်အား တိုင်းတာရေးအတွက် Standard Penetration Test (SPT) စမ်းသပ်ဆောင်ရွက်နေမှု၊ တမံပြန်လည်တည်ဆောက်ရာတွင် အသုံးပြုရမည့် ဖို့မြေများအတွက် မြေရယူသင့်သည့်နေရာ (Borrow)ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို မိုးရာသီမတိုင်မီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဂရုပြုလိုက်နာ ဆောင်ရွက်သွားကြရန်နှင့် အခြားနည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ တာဝန်ရှိသူများနှင့် မမြရေလှောင်တမံရှင်းလင်းဆောင်အစည်းအဝေးခန်းမ၌ တမံအိုလျှာကျမှုအပေါ် လိုအပ်သည့်အချိန်လိုအပ်သလို ရေထုတ်လွှတ်နိုင်ရန် အရေးပေါ်ရေပိုလွှဲတွင်ရေတံခါးတပ်ရေပိုလွှဲ (Gated Spillway) ဒီဇိုင်းထည့်သွင်းစဉ်းစားမှုအခြေအနေများအား ပိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မမြရေလှောင်တမံ ကျောဘက်အလျှောအိလျှောကျမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဘူမိရူပဆိုင်ရာတိုင်းတာခြင်း၊ အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာစူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး တွေ့ရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ တမံ၏လက်ရှိကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို သုံးသပ်အကဲဖြတ်ခြင်း၊ နောင်ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များအပေါ် ကြိုတင်ပြင်ဆင်နိုင်ရေးစီမံခြင်း၊ စစ်ဆေးရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအလေးထားပြီး စနစ်တကျစောင့်ကြည့်ထိန်းသိမ်းခြင်းနှင့် ကြိုတင်ကာကွယ်ရေး အစီအမံများကို ယခုထက်ပိုမိုအရှိန်မြှင့်ပြီး စီမံဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်များကို အထူးအလေးထားစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**



အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၇

ယနေ့ညနေ ၃ နာရီ ၀၄ မိနစ် ၅၉ စက္ကန့်အချိန်တွင် မန္တလေးမြေလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မတ္တရာမြို့၏ အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၁၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၈ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဧလ)**

➪ ကျောဖုံးမှအဆက်

ဗဟန်းကွင်းတွင် ယှဉ်ပြိုင်ကစားသည့် ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအသင်းတို့ပွဲတွင် ပွဲစကတည်းက ရန်ကုန်စီးတီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအဘာဖြင့် ပွဲကိုဦးဆောင်ကစားခဲ့ရာ ပထမပိုင်းပွဲကစားချိန် ၃၆ မိနစ်တွင် သန်းတိုးအောင်က ဂိုးဧရိယာအတွင်း ကန်သွင်းပြီး ဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ၁ ဂိုး ၀ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပိုင်းတွင် ချင်းလန်းအသင်းချေပဂိုးရရှိရေး အကောင်းဆုံး တုံ့ပြန်ယှဉ်ပြိုင်ကစားခဲ့သည်။ ရန်ကုန်စီးတီးအသင်းကလည်း ဂိုးမပေးရရေး အကောင်းဆုံးကာကွယ်ဟန့်တားနိုင်၍ ချင်းလန်းအသင်း ချေပဂိုးနှင့်ဝေးခဲ့ရသည်။ ချင်းလန်းအသင်း တိုက်စစ်အားမချဘဲ ပြိုင်ဘက်အသင်းကို ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၇၁ မိနစ်တွင် လွန်းရာဂျင်းက ချင်းလန်းအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်လည် သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ပွဲကစားချိန် ၈၈ မိနစ်အရောက်တွင် ထွန်းလင်းအောင်က ခေါင်းတိုက်သွင်းကာ ရန်ကုန်စီးတီးအသင်းအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ရန်ကုန်စီးတီးအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တောင်ဒဂုံအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားသည့် ဧရာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ပွဲတွင် ပထမပိုင်း၌ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ဒုတိယပိုင်းတွင်လည်း ဂိုးသွင်းယူနိုင်မှုမရှိသည့်အတွက် ဂိုးမရှိသရေဖြင့်သာ ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

၀နိုးရံခ

❍ မြန်မာအမျိုးသမီးလင်္ဂမှ

ပထမပိုင်းတွင် နှစ်ဖက်အသင်းသူတစ်ပြန်ကိုယ်တစ်ပြန်အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ပထမပိုင်းအပြီးတွင် ရတနာပုံအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိထားသည်။

ဒုတိယပိုင်းတွင်ရတနာပုံအသင်းကသာ ပွဲကိုဦးဆောင်ကစားနိုင်ခဲ့၍ တတိယမြောက်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။ လက်ကျန်ပွဲကစားချိန်အား နှစ်ဖက်ကစားသမားများအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပွဲအပြီးတွင် ၃ ဂိုး ၁ ဂိုးဖြင့် ရတနာပုံအသင်းက အနိုင်ရရှိသွားသည်။

ပဒေသာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည့် ရန်ကုန်စီးတီးအသင်းနှင့် သစ္စာအားမာန်အသင်းတို့ပွဲတွင် ပွဲစသည်နှင့်သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး သစ္စာအားမာန်အသင်းက ရန်ကုန်စီးတီးအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

၀နိုးရံခ

ပီအက်စ်ဂျီအသင်း ဒုတိယပိုင်းသွင်းဂိုးများဖြင့် လိုင်ယွန်အသင်းကိုအနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၇

ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲ ပွဲစဉ်(၈) အဖြစ် ပီအက်စ်ဂျီအသင်းနှင့်လိုင်ယွန်အသင်းတို့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ Parc des Princes ကွင်း၌ အောက်တိုဘာလ ၂၇ ရက် နံနက် ၂ နာရီတွင် ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက လိုင်ယွန်အသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းနှင့် လိုင်ယွန်အသင်းတို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့သော်လည်း နှစ်ဖက်အသင်းဂိုးသမားများလက်စွမ်းပြကာကွယ်မှုကြောင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။



ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ပီအက်စ်ဂျီအသင်းတိုက်စစ်ပိုမိုမြှင့်ကစားလာခဲ့ပြီး ပွဲကစားချိန် ၇၂ မိနစ်တွင် စန်နီမာယူးလူကပေးကစားခဲ့ရာ ပွဲကစားချိန် ၇၁ မိနစ်တွင် လွန်းရာဂျင်းက ချင်းလန်းအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်လည် သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ပွဲကစားချိန် ၈၈ မိနစ်အရောက်တွင် ထွန်းလင်းအောင်က ခေါင်းတိုက်သွင်းကာ ရန်ကုန်စီးတီးအသင်းအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ရန်ကုန်စီးတီးအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပီအက်စ်ဂျီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၈၄ မိနစ်တွင် ဂျေါတ်စ်က ပီအက်စ်ဂျီအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ပီအက်စ်ဂျီအသင်းက လိုင်ယွန်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲပွဲစဉ်(၈)အပြီးတွင် ရဂိုး ၁၆ ဂိုး၊ ပေးဂိုး ၉ ဂိုး၊ ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁) နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **ZMO**

MYAWADY IN ENGLISH DAILY EDITION

President U Min Aung Hlaing, wife Daw Kyu Kyu Hla watch performances at 27th Myanmar Traditional Cultural Performing Arts Competition



President U Min Aung Hlaing and wife Daw Kyu Kyu Hla watch folk dance of the ethnic dance troupe.

NAY PYI TAW October 27

President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla viewed participation of contestants at the 27th Myanmar Traditional Cultural Performing Arts Competition at Hsinbyushin Hall and Pobbathiri Gymnasium in Nay Pyi Taw this afternoon.

Also present at the competition were Vice President Daw Nan Ni Ni Aye, Chairman of the Leading Committee for Organizing the Competition Union Minister for Culture, Hotels and Tourism U Khin Maung Soe, union ministers, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, members of the panel of judges, supervisors, contestants from regions and states, ethnic brethren, staff, staff families, and audiences.

At Hsinbyushin Hall, the President and wife together with dignitaries enjoyed performances of ethnic dance troupes from regions and states at the ethnic traditional/folk dance contest with the aim of fostering the national unity and Union spirit which can initiate the sharing of future and preserving traditional dances of ethnic people.

The President, his wife and party watched participation of contestants from regions and states at the amateur level (second class) men's and women's and the amateur level (first class) men's donmin contest at Pobbathiri Hall.

After the competition, the President and wife cordially greeted members of the panel of judges, contestants and audiences.

The 27th Myanmar Traditional Cultural Performing Arts Competition is being held under four national objectives: to enhance national prestige, integrity, and preserve the traditional cultural heritage of ethnic people; to preserve national characteristics and promote the national spirit, cherishing traditional culture among the younger generation; to explore, preserve and promote the sustainable development of traditional Myanmar arts; and to function as a cultural and artistic institution that contributes to nation-building. Various contestants of the competition take place at relevant locations with the participation of contestants from regions and states. The enthusiast people enjoy performance of contestants. **Myawady**



President U Min Aung Hlaing and wife Daw Kyu Kyu Hla enjoy participation at donmin contest.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Vice President U Nyo Saw encourages singing and music competitions on the seventh day of the 27th Myanmar Traditional Cultural Performing Arts Competition

NAY PYI TAW October 27

Vice President U Nyo Saw, together with departmental officials, attended and watched the singing and music events on the seventh day of the 27th Myanmar Traditional Cultural Performing Arts Competition this afternoon.

The Vice President, accompanied by union ministers, senior military officers, and deputy ministers, observed contestants from regions and states performing individually in the Amateur (Level-2) Women's Singing Competition promoting national prestige and pride with the "Myanmar Mu Mhan" song at the Mya Hall of the Myanmar International Convention Centre-1 (MICC-I), as well as contestants competing in the Amateur (Level-2) Women's Harp Competition with the Patpyoe song "Nyint Thon Yan Kha" at the Nilar Hall. **Myawady**



Vice President U Nyo Saw encourages a contestant from Rakhine State competing in the Amateur (Level-2) Women's Harp Competition.

Commander-in-Chief of Defence Services General Ye Win Oo enjoys performance at Vidhura Drama contest





Commander-in-Chief of Defence Services General Ye Win Oo and wife Daw Nilar enjoy performances of the theatrical troupe at Vidhura Drama contest.

NAY PYI TAW October 27

In order to preserve traditional Myanmar cultural heritage, Thabin Manhon Shwe Yangon theatrical troupe performed the classic theatrical drama "Vidhura" in accordance with traditional artistic conventions this evening at the Zeyathiri Beikman Theatre Hall in Nay Pyi Taw, attended by Commander-in-Chief of Defence Services General Ye Win Oo.

Also present at the theatre were Daw Nilar, wife of the Commander-in-Chief of Defence Services, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, senior military officers from the Office of the Commander-in-Chief and their wives, Myanmar Thabin Association (Central) Chairman, and members, officers and other ranks from offices and departments of the Office of the Commander-in-Chief (Army, Navy and Air). At the same time, performances of the drama were presented live on an LED board for officers, other ranks and families residing in the compound of the Office of the Commander-in-Chief (Army) at Nawaday Hall.

The classic theatrical drama "Vidhura" opened in accordance with traditional Myanmar theatrical conventions with the paying of homage to the Buddha and the traditional Apyodaw (maiden's offering) dance. Following this, the artists performed in their respective roles with lively vigor, deep emotional resonance, and dramatic mastery through a sequence of scenes: the musical enactment depicting the past lives of King Korebya, Sakka (celestial being king), the Dragon King, and the Garuda King; King Korebya royal court assembly; the assembly of the four kings contesting their moral virtue; the scene in the Dragon realm where Dragon King Varuna speaks of Counsellor Vidhura, prompting Queen Vimala to yearn to consume Vidhura's heart; Iranati's quest to find a champion; Punnaka setting forth on horseback; the meeting between Punnaka and Iranati; the ogre Punnaka cleaving Mount Vepulla to claim the magical ruby; the game of dice between King Korebya and the youth Kaccayana (Punnaka in disguise); Punnaka/Kaccayana arriving at Vidhura's residence to take him away; Punnaka dashing Vidhura against the seven mountain ranges and Vidhura's lament as he is about to be hurled into a hundred-fathom abyss; the great minister Vidhura's arrival in the Naga realm to preach the Dhamma; Vidhura's triumphant return to his kingdom; and the final duet dance finale.

The "Vidhura" Jataka is the ninth of the Ten Great Jatakas (Maha Nipata), vividly depicting the Bodhisatta Sage Vidhura's extraordinary wisdom, truthfulness, moral integrity, steadfast resolve, steadfastness in never abandoning the truth no matter how perilous or severe the hardships, and dedication to upholding moral conduct through wise discernment and resolution of circumstances. It is reported that the theatrical drama was staged with the objectives of fostering an appreciation for the benefits of wisdom rooted in moral purity and uprightness; cultivating understanding and practice of the Four Virtues of Good Persons; raising awareness of the evils and detrimental consequences of gambling so that they may be avoided; and enabling audiences to watch the Vidhura Jataka and cultivate noble virtues as well as the Seven Noble Treasures.

After the drama, the General cordially greeted artistes who presented their performances at the drama with the flower basket. **100**

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

NAY PYI TAW October 27

The government has placed emphasis on combat against online scams and gambling as a national responsibility and systematically carried out total demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the demolition of a 6-storey building and a 5-storey building out of those to be demolished with the use of machinery in Shwe Kokko (Part-II) completed 10 percent and 80 percent respectively today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were scheduled to be knocked down with the use of machinery, four to be detonated and 34 to be brought down manually floor by floor due to their proximity to residential buildings and systematic demolition works were being carried out, completing the demolition of four to be detonated and three to be knocked down with the use of machinery. Plans were underway to systematically demolish the remaining 56 buildings.

In cooperation with neighbouring and regional countries, the government has placed a special emphasis on complete eradication of online scams and gambling, which has posed a threat to the global socio-economic arena and national security.

100

Five local ethnic residents wounded by shrapnel as joint terrorist coalition of KNPP, KNDF, and so-called PDF wantonly launch improvised rocket attacks on innocent ethnic civilians peacefully making merit in Lehtwae Village, Loikaw Township, Kayah State, on Full Moon Day of Thadingyut (Abhidhamma Day)



Local residents injured following an attack with three improvised rockets launched by the joint terrorist insurgent coalition of the KNPP/KNDF and so-called PDF into Lehtwae Village, Loikaw Township.

NAY PYI TAW October 27

It is reported that five innocent local ethnic residents peacefully making merit were wounded by shrapnel following wanton improvised rocket attacks carried out by a joint terrorist coalition of the KNPP, KNDF, and so-called PDF, while local people in Kayah State were performing merits and visiting pagodas, stupas, monasteries, and recreational spots on October 26, 2026, the Full Moon Day of Thadingyut (Abhidhamma Day).

The incident occurred at approximately 1:30 pm on October 26, the Full Moon Day of Thadingyut—the most prominent among the twelve monthly seasonal festivals of Buddhists. While local ethnic residents of Lehtwae Village, Loikaw Township, Kayah State, were performing meritorious deeds at the village monastery, the joint terrorist coalition of the KNPP, KNDF, and so-called PDF launched wanton improvised rocket attacks into the village from a distance of approximately 5,500 meters to the east of Lehtwae Village, Loikaw Township. The rockets landed and exploded near the monastery compound and on residential houses, wounding two men and three women—innocent local ethnic civilians who were peacefully making merit—with bomb shrapnel.

Security forces have transported the injured individuals from the incident to the Loikaw People's Hospital for medical treatment. Security personnel are continuing necessary area security operations around the incident site. It is further reported that the local ethnic populace feels utter disgust and abhorrence toward the heinous, brutal, and inhumane acts of terror committed by the terrorists, who carried out this deliberate attack on crowded, non-military civilian areas with destructive intent on such a sacred auspicious day to inflict mass casualties.

100



Wetlet Township plans to grow more than 4,000 acres of onions this year

WETLET October 27

Local authorities in Wetlet Township of Sagaing Region earmarked cultivation of more than 4,000 acres of onions in the township this year, according to the township Agriculture Department.

During the 2026-2027 winter crop cultivation season, Wetlet Township plans to cultivate 4,503 acres of onions. Cultivation will be carried out from October to December this year.

"More than 4,000 acres of onions are planned to be cultivated in Wetlet Township during this year's winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. Onion cultivation will be carried out as usual. We are also making market linkages to help onion growers obtain good market prices," said Daw Khin San, Head of the Township Agriculture Department in Wetlet Township.

In Wetlet Township, the Township Agriculture Department will provide market linkages to help onion growers obtain good prices, provide technical assistance on proper storage methods to extend the shelf life of onions, and provide support for cultivation in accordance with Good Agricultural Practices (GAP) to produce quality onions.

It is reported that onion growers spend around Ks-1.8 million per acre on onion cultivation, with an average yield of about 5,000 viss per acre.

Onions are widely cultivated in Sagaing Region. The townships with the largest onion cultivation areas are Monywa, Yinmabin, ChaungU, Shwebo and Myinmu. **SK**

Taze Township earmarks cultivation of more than 3,000 acres of butter bean

TAZE October 27

Local authorities earmarked cultivation of more than 3,000 acres of butter bean in Taze Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 winter crop season, Taze Township has planned to cultivate a total of 3,993 acres of butter bean. Planting will be carried out from October to December this year.

"This year, more than 3,000 acres of butter bean have been planned for cultivation during the coming winter crop season in Taze Township. We will provide the necessary support to ensure that the targeted acreage is fully planted. Butter bean is cultivated only during the winter season, and its cultivation has been successful. As butter bean fetches a good market price, farmers rely on it as a profitable crop," said U Ohn Kyaw Myint, Head of the Taze Township Agriculture Department.

During this year's rainy season crop cultivation period in Taze Township, local farmers have been growing butter bean as a sole crop, while some farmers have been cultivating it as an intercrop to earn additional income.

This year, the Township Agriculture Department is providing support and assistance to farmers cultivating various types of pulses to increase crop yields, promote the use of quality and pure seeds, and provide necessary agricultural technologies. It will also provide farmers with knowledge on preparing and using natural pesticides to prevent pest and disease infestations, as well as on timely harvesting and other relevant agricultural practices.

SK

Salingyi Township to plant more than 5,000 acres of vegetables in coming cold season

SALINGYI October 27

In Sagaing Region's Yinmabin District, Salingyi Township, more than 5,000 acres of vegetables will be cultivated during the coming winter crop season, according to statistics from the Salingyi Township Agriculture Department.

During the 2026-2027 winter crop season, Salingyi Township has planned to cultivate 5,790 acres of vegetables, with planting scheduled to take place from October to December this year.

"This year, more than 5,000 acres of vegetables have been planned for cultivation during the coming winter crop season in Salingyi Township. The crops include mustard, chilli, spices, potato, cabbage, eggplant and cauliflower. We are providing farmers with technical assistance to enable them to grow all vegetables in accordance with Good Agricultural Practices (GAP). We will also provide technical guidance to ensure that all vegetables are cultivated in a health-conscious manner with minimum chemical residues," said U Wai Lin Tun, Head of the Salingyi Township Agriculture Department.

This year, the Township Agriculture Department will provide vegetable growers in Salingyi Township with technical training on cultivation in accordance with GAP, as well as guidance on producing healthy and safe vegetables from their farms. Measures will also be taken to encourage farmers to expand vegetable cultivation.

